ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့၊ (7-10-2010) (၆၅၄၄)

# မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ပင်မတမံနှင့် ရေပိုလွှဲတည်ဆောက်ရန်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော်　　အောက်တိုဘာ　　၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၅ ရက်နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့ဖွံ့ဖြိုးတိုးတက်မှု၊ မြို့တွင်းလမ်းများ ကောင်းမွန်မှုအခြေအနေနှင့် မြစ်ကြီးနား-မြစ်ဆုံလမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး မြစ်ဆုံရေအားလျှပ်စစ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို အသီးသီး ရှင်းလင်းတင်ပြကြသည်။**

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် လမ်းဘေး ဝဲ၊ ယာ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့်　**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

## တိုးတက်စည်ပင် ရန်ကုန်မြို့တစ်ခွင်



ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များအတွက် အချိန်နှင့် တစ်ပြေးညီ ကွန်ကရစ်လမ်းခင်းကျင်းနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်ဘိလပ်မြေစက်ရုံကို တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

## သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ယနေ့နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံနှင့် နယ်နိမိတ် ဆက်စပ်နေကြသည့်နိုင်ငံများကထွက်သည့် ကုန်ပစ္စည်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကုန်းလမ်းခရီးဖြင့် အများဆုံးဝင်ရောက်လာသကဲ့သို့ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများသည်လည်း အိမ်နီးချင်းနိုင်ငံများသို့ ကုန်းလမ်းခရီးဖြင့်ပင် တင်ပို့ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်၊ ကျေးရွာများကလည်း လူမှုရေး၊ စီးပွားရေးအရ ရန်ကုန်တိုင်းဒေသကြီးနှင့် ဆက်သွယ်ရာ၌ ကုန်းလမ်းခရီးကိုသာ အများဆုံးအသုံးပြုကြသည်။ ထို့ကြောင့် ကုန်းလမ်းခရီးသည် စာရေးသူတို့နိုင်ငံတွင် အရေးပါအရာရောက်လှပေသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့သစ်များအစီအရီပေါ်ပေါက်လာသကဲ့သို့ လမ်းဟောင်းများပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်း၊ ပြည်ထောင်စုလမ်းသစ်ကြီးများ ဖောက်လုပ်တည်ဆောက်ခြင်းလုပ်ငန်းများလည်း မြောက်မြားစွာ ထွက်ပေါ်လာသည်။　**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နက္ခတ္တသိပ္ပံ အင်တာနက်သတင်း　ဘာသာပြန် - သတင်းလုလင်

## ကမ္ဘာနှင့် အလားသဏ္ဌာန်တူသော ဂြိုဟ်တစ်လုံး အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန်　　အောက်တိုဘာ　　၆**

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှ သိပ္ပံပညာရှင်များအဖွဲ့ တစ်ဖွဲ့သည် ကမ္ဘာနှင့် အလားသဏ္ဌာန်တူသော ဂြိုဟ်သစ်တစ်လုံးကို ရှာဖွေတွေ့ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

ကမ္ဘာနှင့် အလားသဏ္ဌာန်တူသော ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အပူချိန်၊ အရွယ်အစားနှင့် ရာသီဥတုအခြေအနေတို့အရ ကမ္ဘာနှင့် ပုံစံတူဂြိုဟ်တစ်လုံးဖြစ်ကြောင်း　**စာမျက်နှာ ၉ ကော်လံ ၅ သို့ ●**

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ●**



**သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသည့် ကမ္ဘာမှ မိုင်ပေါင်း ၁၂၀ ထရီလီယံအကွာတွင် ကမ္ဘာနှင့် အလားသဏ္ဌာန်တူသော ဂြိုဟ်တစ်လုံးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ကျား ဖြူ နှစ် ကောင် မြူးထူး ဆော့ကစားနေကြသည်ကို ဤသို့ တွေ့ရသည်။**

**တက္ကသိုလ်တင်လက်ျာ ၏**

**“ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေထိန်းသိမ်းရေး နိုင်ငံအားလုံး ပါဝင်ဆောင်ရွက်”**　(ဆောင်းပါး) စာမျက်နှာ - ၆

## ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော်　　အောက်တိုဘာ　　၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။　(သတင်းစဉ်)

ကြေးမုံ The Mirror
၇-၁၀-၂၀၁၀
(ကြာသပတေးနေ့)

# အာစရိယဂုဏ်အင် ထိန်းသိမ်းမြှင့်တင်ထာဝစဉ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို တည်ဆောက်လျက်ရှိရာ ပညာရေးအခြေခံအုတ်မြစ် ခိုင်မာစေရေး ကြိုးပမ်းနေသည်။ နိုင်ငံတော်အစိုးရက အရေးအတွက်ရော အရည်အချင်းပါ ပြည့်စုံသည့် မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ် ရှည်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ပညာရေးဆိုင်ရာ အခြေခံကောင်းများပြည့်စုံစေရေး အဘက်ဘက်ကဖြည့်ဆည်းဖန်တီးတည်ဆောက်နေပြီ။

ယခုအခါ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်နိုင်ခဲ့ပြီ။ ဆရာ၊ ဆရာမနှစ်သိန်းကျော်တို့က ကျောင်းသား၊ ကျောင်းသူ ရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနေကြပြီ။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၆၀ အထိ ဖွင့်လှစ်ပေးထားပြီ။ ဖွံ့ဖြိုးရေးဒေသကြီးတိုင်း၌ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးထားသဖြင့် အဆင့်မြင့်ပညာရပ်များကို နယ်မြေဒေသအလိုက် အလွယ်တကူ တက်ရောက်သင်ယူနိုင်နေကြပေပြီ။

မြန်မာ့ပညာရေး ရည်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။ မျိုးဆက်သစ်လူငယ်များအား ကနဦးပုံဖော်ပေးရာတွင် ပညာထူးချွန်ထက်မြက်ရုံသာမက တပည့်များ၏စိတ်ဓာတ်၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများ ရရှိရေး ပြုစုပျိုးထောင်ပေးကြရပေမည်။ ရိုးရာဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားသည့် စိတ်ဓာတ်၊ တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးသည့်စိတ်ဓာတ်များ စွဲမြဲစေရေး အသိပညာပေးကြရပေမည်။

ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာအရင်းခံ၍ ပညာသင်ကြားတပည့်များ၏ အနာဂတ် ထွန်းလင်းတောက်ပစေရေး ပညာအလင်း ထွန်းညှိပေးနေကြသူများဖြစ်သည်။ မေတ္တာ၊ စေတနာ၊ ကရုဏာ အပြည့်အဝထား၍ စာပေအတတ်ပညာနှင့် ဗဟုသုတအဖြာဖြာတို့ကို သွန်သင်ညွှန်ပြ သင်ကြားပြသပေးနေကြဆဲဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာဂုဏ်ပြည့်စုံကြသူများဖြစ်၍ တပည့်များက ကြည်ညိုလေးစားတန်ဖိုးထားကြပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းလျက်ရှိသကဲ့သို့ တစ်ချိန်တည်းတွင် ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများ သင်ကြားမှုအရည်အသွေး ပြည့်ဝရေးအတွက် အခြေခံပညာအဆင့်အလိုက် ဘာသာပြဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများ၊ အထက်တန်းအဆင့် ဆရာအတတ်ပညာသင်တန်းများစွာကို ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။

ဆရာ၊ ဆရာမများအားလုံးသည် မျိုးဆက်သစ်များ အနာဂတ်ဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက် မွန်မြတ်သော တာဝန်ကိုထမ်းရွက်နေကြပြီး ရှေးရှုမေတ္တာကရုဏာဖြင့် စာပေအတတ်ပညာ၊ အသိအလိမ္မာများ တိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးကြသည်။ ကျေးဇူးရှင်မြတ်ဆရာတို့က လေးစားဂုဏ်ယူဖွယ်ရာ အာစရိယဂုဏ်အင်နှင့် အရည်အသွေးများကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရင်း မြန်မာ့ပညာရေးရည်မှန်းချက်များ အောင်မြင်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။



## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာနေ ကွယ်လွန်သူ ဗိုလ်မှူးချုပ်သန်းညွန့်(ငြိမ်း)အား ရည်စူး၍ ဇနီးဒေါ်လှကြည် မိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တာကော်တံတား ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

**လင်းခေးတပ်နယ် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် လင်းခေး-မိုးနဲ လမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် လမ်းဘေးဝဲယာ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုးနဲတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံ တပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။



### ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် စက်တင်ဘာ ၂၈ ရက်တွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာ သံလွင်မြစ်ကူးတံတား(တာကော်)သို့ရောက်ရှိပြီး တံတားတည်ဆောက်ထားရှိမှုနှင့် တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် တိုင်းမှူးသည် တာကော်ကျေးရွာ နယ်မြေခံတပ်ရင်းရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တပ်ရင်း၏ စိုက်ပျိုးမွေးမြူရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် တာကော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ကျောင်းမြေနေရာရရှိထားမှု အခြေအနေနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရည်အသွေးမြင့် Schwan- STABILO စာရေးကိရိယာများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် အောက်တိုဘာ ၆**

ဆန်းသစ်တီထွင်မှု (Innovation)၊ အသုံးဝင်တန်ဖိုး အရည်အသွေး (Usage Value Quality)၊ အသုံးဝင် ကုန်ချောအရည်အသွေးမြင့်မားမှုနှင့် အသုံးဝင် Design အရည်အသွေးတို့ကို စဉ်ဆက်မပြတ် သုတေသနပြု ဆန်းသစ်တီထွင်ထုတ်လုပ်နေသော ဂျာမနီနိုင်ငံထုတ် Schwan- STABILO စာရေးကိရိယာများကို Salient Trading Company Limited က တစ်နိုင်ငံလုံး ဝယ်ယူသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။

Schwan- STABILO စာရေးကိရိယာများအနက် Exam Grade ဘောလ်ပင်သည် ဘောလ်ပင် မင်မလိုက်ခြင်း၊ မင်ယိုခြင်း၊ အမြန်ရေးမရခြင်းစသည့် အခက်အခဲများမှ ကင်းဝေးပြီး ဘောလ်ပင်တွင် Ink Level Indicator လက်ကျန်ပမာဏဖြင့် ဆက်ရေးနိုင်မည့် စာမျက်နှာအရေအတွက် ညွှန်ပြချက်ပါရှိ၍ စာမေးပွဲဖြေဆိုရန် လုံလောက်မှုရှိ၊ မရှိ ကြိုတင်သိနိုင်ကြောင်း၊ Exam Grade ခဲတံသည် ခဲရောင်ဖျော့ခြင်း၊ ခဲဆံမကြာခဏ ကျိုးခြင်းမရှိသည့်အပြင် ခဲဖျက်မှာလည်း သန့်ရှင်းစင်ကြယ် သပ်ရပ်စွာ အသုံးပြုနိုင်ကြောင်း၊ ခဲဖျက်အမှုန့်ကြောင့် ညစ်ပေခြင်းမှ ကင်းဝေးစေရန် အထူးအရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

Point 88 Fine Liner သည် စာကျက်ရာတွင်လည်းကောင်း၊ ရုံးလုပ်ငန်းများတွင်လည်းကောင်း အချက်အလက်များကို မျဉ်းသားဖော်ပြခြင်းထက် Highlight ပြုလုပ်ဖော်ပြခြင်းက ပိုမိုထင်သာမြင်သာရှိသည်ကို ၁၉၇၀ ခုနှစ်က သိရှိခဲ့ပြီး Boss Original ကို စတင်တီထွင် ထုတ်လုပ်ခဲ့ကြောင်း၊ အရောင်ကိုးမျိုးကို Attractive Fluorescent Colour ဖြင့် ထုတ်လုပ်ထား၍ စာလုံးများကို ဖုံးအုပ်သွားခြင်း မရှိဘဲ ထင်ရှားပေါ်လွင်စေကြောင်း၊ ကျောင်းသားများအတွက် Swing Cool Highlighter ကို အဖုံးဆက်တိုက်ခြောက်နာရီကြာ ဖွင့်ထားနိုင်ရန် အထူးတီထွင်ထားကြောင်း သိရသည်။

Left Right Series တွင်လည်း ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ ခဲဆံ၊ ချွန်စက်များပါဝင်ကြောင်း၊ စာရေးစတင်သင်ကြားသောကလေးများ အခက်အခဲကို ဖြေရှင်းရန် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ခဲတံကိုင်တွယ်မှုအခက်အခဲ၊ ခဲတံကောင်းစွာ မကိုင်တတ်သည့် အခက်အခဲ၊ စနစ်တကျမကိုင်တတ်၍ လက်ညောင်းလွယ်ခြင်း၊ အမြန်မရေးနိုင်ခြင်း၊ လက်ရေးမလှခြင်းတို့ကို ဖြေရှင်းရန် တီထွင်ထားကြောင်း၊ ဘယ်သန်၊ ညာသန်အတွက် သီးခြားထုတ်လုပ်ထားကြောင်း၊ စာရေးသင်မည့် ကလေးများအတွက် အကောင်းဆုံး လက်ဆောင်ဖြစ်ကြောင်း သိရသည်။

Schwan- STABILO စာရေးကိရိယာများအားလုံး အပိုပစ္စည်းများ ရနိုင်ပြီး ဈေးသက်သာစွာဖြင့် သုံးစွဲနိုင်ကြောင်း၊ ကုန်တိုက်များ၊ မီနီမားကက်များ၊ စတိုးဆိုင်များတွင် ရနိုင်ပြီး Salient Trading Company Limited အမှတ် (၂၂) ငုဝါလမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၂၅၁၁၀၊ ၇၀၃၁၆၅ နှင့် ၀၉-၅၀၃၃၁၅၃ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရွှေမင်းသားဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၆**

မသန်စွမ်းသူများအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသော မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) သို့အလှူငွေများကို လာရောက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ အမှတ်-၁၅ ၃-လွှာ(ဘယ်) ၈၇-လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်သင်းသင်းနိုင်၊ ဒေါ်ကြူကြူနွယ်(ညီအစ်မနှစ်ဦး)တို့က လှူဒါန်းငွေကျပ် တစ်သိန်းကို အောက်တိုဘာ ၄ ရက်က လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဝိုင်းမော် အောက်တိုဘာ ၆**

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အမှတ် (၇)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

# ကလော အေးသာယာစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

ကလော အေးသာယာစက်မှုလက်မှုသိပ္ပံကျောင်းသားဟောင်းများ၏ (၂၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရွှေစည်းခုံဘုရား တောင်ဘက်မုခ် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း ပုဂံ-ညောင်ဦးမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲသို့ ရန်ကုန်မြို့မှ လိုက်ပါကြမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်တိုဘာ ၂၈ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီအရောက် မြောက်ဥက္ကလာပမြို့နယ် ဓမ္မာရုံမှတ်တိုင် အောင်မင်္ဂလာအဝေးပြေးဂိတ်အနီးရှိ အမှတ် (၆၆/၆၈) သုဓမ္မာလမ်းမကြီး ဇမ္ဗူထွန်း တည်းခိုခန်းသို့ လာရောက်ကြရမည် ဖြစ်သည်။ ပူဇော်ပွဲသို့ လိုက်ပါလိုသူများ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် ဦးထွန်းလွင် (70 M) ဖုန်း- ၀၉-၅၀၁၂၀၄၁၊ ဦးတက်ဖြိုး (71M) ဖုန်း- ၀၉-၄၉၂၃၀၀၀၀၊ ဦးမျိုးဝင်း (76M) ဖုန်း -၀၉-၅၁၀၅၅၇၃၊ ဒေါ်ခင်ညို (79C) ဖုန်း-၀၉-၅၁၁၃၂၂၃၊၆၂၉၃၂၇၊ ဒေါ်ဥမ္မာ (82C) ဖုန်း- ၀၉-၅၁၆၁၃၀၅၊ ဦးမျိုးဝင်း (94M) ဖုန်း- ၀၉-၅၄၁၀၀၁၅နှင့် ဦးဇေယျာအေး (95EP) ဖုန်း-၀၉-၅၀၀၉၂၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် အမှတ် (၁၈၄/၁၈၆) (၄၅)လမ်း အထက် ဗိုလ်တထောင်မြို့နယ်ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည့် အကြိုညှိနှိုင်း အစည်းအဝေးသို့လည်း တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

# ဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြည့်ရှုစစ်ဆေး ပိတောက်ကုန်းကျေးရွာ ငွေသော်တာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် အောက်တိုဘာ ၆

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ဆောက်နေမှုနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ မြကုန်းကျေးရွာရှိ "ပညာဗဟို" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့လည်းကောင်း၊ ယင်းနောက် နှောကန်ကျေးရွာရှိ " ဦးဝန်" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့လည်းကောင်းရောက်ရှိပြီး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သုတ၊ ရသ စာအုပ်စာစောင်များ၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။**

ဆက်လက်၍ ဝန်ကြီးသည် ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာရှိ "ငွေသော်တာ" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းရွှေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးက "ငွေသော်တာ" စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် သုတ၊ရသစာအုပ်များ၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးက ပြည်သူများ စာပေဖတ်ရှုလေ့လာကြရန်နှင့် စာကြည့်တိုက် ရေရှည်ခိုင်မာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကား ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြန်ကြားရေးလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း နှောကန်ကျေးရွာရှိ " ဦးဝန်" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## စက်ခလုတ်နှိပ် ဖွင့်လှစ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပိတောက်ကုန်းကျေးရွာရှိ "ငွေသော်တာ"စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ဝါကျွတ်အထူးဈေးရောင်းပွဲတော်အကြို စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

**Fortune Int' L Ltd. နှင့် Concordia Int' L Co., Ltd. တို့ ပူးပေါင်း၍ ဝါကျွတ်အထူးဈေးရောင်းပွဲတော်အကြို စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ်(၂၂)ရှိ Mr. Guitar Cafe ၌ ကျင်းပသည်။** (အောက်ယာပုံ)

စာနယ်ဇင်းရှင်းလင်းပွဲတွင် တာဝန်ရှိသူတို့က အောက်တိုဘာ ၁၅ ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပမည့် ဝါကျွတ်အထူးဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဝါကျွတ်အထူးဈေးရောင်းပွဲတော်တွင် Fortune Int' L Co., Ltd. က Sigma ဓာတ်လှေကား၊ စက်လှေကား၊ ရွှေ့လျားလျှောက်လမ်းများ၊ Shenou တယ်လီဖုန်းလိုင်းခွဲစနစ်များ၊ ဆက်သွယ်ရေးစနစ်အမျိုးမျိုး၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းသုံး ပစ္စည်းများ၊ SAMYUNG ရေကြောင်းသုံး Radar၊ GPS Plotter/ Fish Finder နှင့် Daewoo မီးစက်များနှင့် MTU အင်ဂျင်များ၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးနှင့် အသည်းရောဂါဆေးအမျိုးမျိုး၊ Albumin ဓာတ်မှန်ဖလင်များ၊ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးနှင့် Royal Canin မှ ထုတ်လုပ်သော Pet Food နှင့် Vet: diet များ၊ ပစ္စည်းအသစ်များ၊ ဝန်ဆောင်မှုအသစ်များမှာ Fiber to the Home FTTH- Fiber ဖြင့် Internet/ IP Telephone၊ IP- TV ပို့လွှတ်သောစနစ်၊ My Ring tune လက်ကိုင်ဖုန်းများတွင် မိမိအားခေါ်ဆိုသူများကို မိမိရွေးချယ်ထားသည့် သီချင်း သို့မဟုတ် တီးလုံးကြားစေသည့်စနစ်ပါသည့် ပစ္စည်းများ ပြသထားပြီး Concordia International Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် Copier/ Printer/ Scanner/ Fax များ၊ AO Size Plotter များ၊ ကျန်းမာရေး အထောက်အကူပြုဆေးရုံလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator၊ Patient Monitor များ၊ RTK နည်းပညာသုံး Differential GPS များ၊ Topcon အမှတ်တံဆိပ် Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ GPS နှင့် Phone များ အတွင်းသို့ ထည့်သွင်းအသုံးပြုရသည့် မြန်မာတစ်နိုင်ငံလုံး၏ ကွန်တိုမြေပုံများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် မြို့ကြီး ၂၅ မြို့တို့၏ မြေပုံများ စသည်တို့ပါဝင်ပြီး ELE အမှတ်တံဆိပ် မြေကြီးနှင့် Concrete အရည်အသွေး စမ်းသပ်သည့် စက်များ၊ အသစ်ရောက်ရှိလာသော Discovery အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ချိန်ခွင်များကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ် မေးမြန်းဝယ်ယူလိုပါက Fortune International Ltd. ရန်ကုန်မြို့ No (11 /12), ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၁၁၃၉၂-၄၊ My Ring the Hot Line ၀၁-၆၅၂၂၅၃ နှင့် ၆၅၂၂၅၄၊ မန္တလေးမြို့တွင် Great Wall Plaza, အခန်းအမှတ် T4-T5, 31st & 78th Street ချမ်းအေးသာစံ မြို့နယ် ဖုန်း-၀၂-၃၉၆၃၁ နှင့် Concordia International Co., Ltd. ရန်ကုန်မြို့ 3rd & 5th Floor, ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀နှင့် ၅၄၀၀၂၆၊ Fax ဖုန်း-၅၄၄၁၉၉၊ Hot Line ဖုန်း-၀၁-၇၃၀၀၉၂၂၃၊ မန္တလေးမြို့၌ အမှတ်-၅ မြေညီထပ် SY တိုက်တန်း လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃ နှင့် ၀၉-၅၀၆၇၁၇၂၊ Hot Line ၀၂-၉၁၀၀၁၉၆၅ နှင့် နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး Shopping Complex ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၀၆၇-၄၂၁၃၆၂ နှင့် Hot Line ၀၉-၄၉၂၀၀၉၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)





## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၇-၁၀-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၃၆)**
- ၇း၃၀ **MRTV-4 သတင်း**
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃)**
- ၈း၄၀ A Night of Pop (Part-5)
- ၉း၂၅ Science For All (ကားဝယ်စီးလျှင်တာယာ အကြောင်းသိထားသင့်သည်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၀ ကူးလူးယှက်နွယ်-ကွန်ရက်သဖွယ် ဖော်ဆောင်ကြိုးစား မြန်မာ့မီးရထား (မင်းလှ-မင်းဘူး ရထားလမ်းပိုင်း)
- ၁၀း၂၀ Activities In The City (ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးစက်ရုံဖွင့်ပွဲအခမ်းအနား)
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၅၅ ဒါရိုက်တာအောင်မင်းသိမ်း အလွမ်းပြေအမှတ်တရ
- ၁၁း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မိုးညအိပ်မက်မြူ"
- ၁၁း၅၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၂၅ ဗုဒ္ဓဝင်အမေးအဖြေ(အပိုင်း-၁) [အထက(၁)ဒဂုံကျောင်းသား၊ ကျောင်းသူများ]
- ၁း၀၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ Activities In The City (ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးစက်ရုံဖွင့်ပွဲအခမ်းအနား)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃)**
- ၄း၄၀ ကူးလူးယှက်နွယ်-ကွန်ရက်သဖွယ် ဖော်ဆောင်ကြိုးစား မြန်မာ့မီးရထား (မင်းလှ-မင်းဘူး ရထားလမ်းပိုင်း)
- ၅း၀၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၅း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (နေဆန်း)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အာကစားမြင်ကွင်းစုံ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၇)**
- ၇း၂၀ A Night of Pop (Part-6)
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ စကားနပန်း (ဗန်းစကားပြောတာကောင်းတယ်၊ ဗန်းစကားမပြောတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄)**
- ၁၀း၀၅ ဂီတသရုပ်ပြခန်း (စောသက်-လွမ်းလိုက်တာမောင်ရယ်)
- ၁၀း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မိုးညအိပ်မက်မြူ"
- ၁၁း၀၀ ဒါရိုက်တာအောင်မင်းသိမ်း အလွမ်းပြေအမှတ်တရ
- ၁၁း၂၅ အနုပညာမိုးကောင်းကင်
- ၁၁း၅၀ သင်ယူလေ့လာဂီတပညာ (Music Theory Basic Module-01)
- ၁၂း၂၅ လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ကမ္ဘာတစ်ခွင် (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၁၂း၄၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁း၀၅ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့်ပူဇော်မယ်
- ၁း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
- ၂း၀၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၂း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၂း၂၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်တာ ဝိပဿနာ
- ၂း၅၀ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ မြတ်နိဗ္ဗာန်သို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီးဝိပဿနာ အဖွဲ့ချုပ်တရားစခန်း
- ၄း၂၀ သာသနာပျိုးခင်း
- ၄း၃၀ ဗုဒ္ဓဝင်အမေးအဖြေ (အပိုင်း-၁) [အထက(၁)ဒဂုံကျောင်းသား ကျောင်းသူများ]
- ၅း၀၀ အစီအစဉ်ပြီး။

# အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားလုပ်သား ပြည်သူများနဲ့ အင်းလေးဒေသရှိ အင်းသူ၊ အင်းသားများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ မေတ္တာပို့သ အပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်တင်မြှောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံမယ့် အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ပါတီဥက္ကဋ္ဌ ဦးဝင်းမြင့် ဖြစ်ပါတယ်ခင်ဗျား။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဖွဲ့စည်းတည်ထောင်ရခြင်းကို ပထမဦးစွာ တင်ပြလိုပါတယ်။ ၂၀၁၀ ပြည့်နှစ် မတ်လ (၈) ရက်နေ့မှာ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေတို့ကို ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် လမ်းဖွင့်ပေးခဲ့ပါတယ်။ နိုင်ငံရေးပါတီများကိုလည်း ရက်ပေါင်း (၆၀) အတွင်း ဖွဲ့စည်းကြရန် သတ်မှတ်ပေးခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ် ဧပြီလ (၂၄) ရက်နေ့အထိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ဝ၊ ကိုးကန့်၊ ပလောင် အစရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားပြု နိုင်ငံရေးပါတီ (၁၂)ပါတီနဲ့ ပြည်မမှ နိုင်ငံရေးပါတီ (၁၀)ပါတီ စုစုပေါင်း ပါတီ(၂၂)ခုတို့က ပါတီဖွဲ့စည်း တည်ထောင်လာခဲ့ကြတာကို စဉ်ဆက်မပြတ် သိရှိတွေ့မြင်လာခဲ့ရပါတယ်။ ဖြစ်ပေါ်လာခဲ့တဲ့ နိုင်ငံရေးအခြေအနေများနဲ့အညီ အင်းလေးဒေသမှာ နေထိုင်ကြတဲ့ လူမျိုးစုများရဲ့ကိုယ်စား အများစုဖြစ်တဲ့ အင်းသူ၊ အင်းသားများကလည်း နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ ညီနောင် တိုင်းရင်းသားများနဲ့အတူ နိုင်ငံရေးတာဝန်များကို ပါဝင်ထမ်းဆောင်ရန် အချိန်သင့်ပြီလို့ ဆန္ဒသဘောတူညီကြတဲ့အတွက် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် အင်းသူ၊ အင်းသားများရဲ့ လိုအပ်နေသော နိုင်ငံရေးစင်မြင့်တစ်ခုကို သမိုင်းပေးတာဝန်အရ ပေါ်ထွန်းလာစေခြင်းပဲ ဖြစ်ပါတယ်။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ဆိုရှယ်လစ်ဝါဒ၊ ဒီမိုကရေစီဝါဒ အစရှိတဲ့ ဝါဒစနစ်အပေါ် အခြေခံပြီး ဖွဲ့စည်းတည်ထောင်တဲ့ ပါတီ မဟုတ်ပါဘူး။ ဒေသအတွင်းမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ အင်းလေးဒေသမှာ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာကြတဲ့ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး လူမျိုးစုများအပြင် အင်းလေးဒေသမှာ လာရောက် အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးစုအားလုံး အတွက် ဖြစ်ပါတယ်။ မျိုးနွယ်စုကို အခြေခံထားပြီး လူသားကောင်းစားရေးဆိုတဲ့ ဝါဒကိုကိုင်စွဲပါတယ်။ ပါတီတွင်း နိုင်ငံရေးကျင့်စဉ်ကတော့ ဒီမိုကရေစီ ကျင့်စဉ်ကို ကျင့်သုံးပါမယ်။ ပွင့်လင်းလွတ်လပ်၍ တန်းတူရည်တူရှိသော ဒီမိုကရေစီဖြစ်ပါတယ်။ ဗဟိုကချုပ်ကိုင်တဲ့ ဒီမိုကရေစီမျိုး မည်သည့်အခါမှ ကျင့်သုံးသွားမည်မဟုတ်ပါကြောင်း အတိအလင်း ပြောကြားလိုပါတယ် ခင်ဗျား။

### ပါတီ၏ရည်မှန်းချက်

(က) တိုင်းရင်းသားဒေသများအားလုံး တစ်ပြေးညီ တိုးတက်လာပြီး ပြည်ထောင်စုတစ်ရပ်လုံး လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာကာ အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရေး၊

(ခ) ဆူပူအကြမ်းဖက်မှုမရှိစေဘဲ တည်ငြိမ်အေးချမ်းသည့် ပြည်သူ့ဘဝ ထူထောင်ရေး၊

(ဂ) ပြည်သူအားလုံး ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်စားသောက် လုပ်ကိုင်နိုင်ကြပြီး တန်းတူရည်တူ အခွင့်အရေးနှင့် ချစ်ကြည်စည်းလုံးမှုရရှိရေးကို အစဉ်ထာဝရဦးထိပ်ထား ဆောင်ရွက်သွားရေးတို့ဖြစ်ပါတယ် ခင်ဗျာ။

### ပါတီ၏ အမျိုးသားရေးရာမူဝါဒ

ပါတီ၏အမျိုးသားရေးမူဝါဒသည် တိုင်းရင်းသားလူမျိုးများအားလုံး အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူရည်တူရှိ၍ ထာဝစဉ်ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အထူးဦးစားပေးပါမယ်။ ဒီတာဝန်အရေးသုံးပါးကိုလည်း ပါတီ၏ မူဝါဒတစ်ရပ်အဖြစ် အမြဲလက်ကိုင်ထား ဆောင်ရွက်သွားပါမယ်။

### နိုင်ငံရေးမူဝါဒ

နိုင်ငံတော်တစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားတို့ကို ဟန်ချက်ညီညီ တိုးတက်စေရန် ဆောင်ရွက်သွားပါမယ်။ ပါတီစုံစနစ်ကိုကျင့်သုံးပါမယ်။ နိုင်ငံရေးပါတီအားလုံး ပါတီကြီး၊ ပါတီငယ်ဟု မရှိစေရဘဲ တန်းတူရည်တူ လေးစားစွာ ဆက်ဆံပါမယ်။ နိုင်ငံရေးပါတီများ အားလုံး ထာဝစဉ် ဖွံ့ဖြိုးရှင်သန်ရန် ဆောင်ရွက်ပါမယ်။ လိုအပ်ပါက နိုင်ငံတော်မှ အထောက်အကူပေးရပါမယ်။ နိုင်ငံရေးအတွေ့အကြုံများနှင့် ပြည်သူအများ၏ဆန္ဒအရ တစ်ပါတီအာဏာရှင်စနစ်ကို လုံးဝ(လုံးဝ) ဆန့်ကျင်ပါတယ်။ ပါတီများအားလုံး ညီနောင်ပါတီများအဖြစ် ချစ်ကြည်ရင်းနှီး လေးစားစွာ ပူးပေါင်းဆောင်ရွက်သွားပါမယ်။

### စီးပွားရေးလုပ်ငန်းစဉ်

နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာစေရေး အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမယ်-

(က) တိုင်းရင်းသားများကို စီးပွားရေးလုပ်ပိုင်ခွင့်ဦးစားပေးပါမယ်။

(ခ) နိုင်ငံတော်၊ သမဝါယမ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး စီးပွားရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရပါမယ်။

(ဂ) စီးပွားရေးတွင် အခွင့်ထူးခံလူတန်းစားမရှိစေရ၊ လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်းများကို ထိရောက်စွာ တားဆီးကာကွယ်မယ်။

(ဃ) တရားဝင်ထုတ်ဝေထားသော ငွေကြေးများနှင့်စပ်လျဉ်း၍ အာမခံပါတယ်။

(င) ကုန်ဈေးနှုန်း တည်ငြိမ်စေရမယ်၊ အခွန်အခသည် ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရ၊ အခွန်အခစနစ်ကို ပြန်လည်သုံးသပ်ပါမယ်။

### နိုင်ငံခြားရေးလုပ်ငန်းစဉ်

(က) နိုင်ငံကြီးငယ်မဟူ တန်းတူရည်တူ လေးစားစွာ ဆက်ဆံမယ်။

(ခ) နိုင်ငံတကာအဖွဲ့အစည်းများတွင် ပါဝင်သင့်ပါက ပါဝင်မည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပါမယ်။

(ဂ) နယ်ချဲ့ဝါဒကို ဆန့်ကျင်တွန်းလှန်သွားပါမယ်။

### ကာကွယ်ရေးလုပ်ငန်းစဉ်

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို တပ်မတော်အား မဏ္ဍိုင်ထား၍ ပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်မယ်။

(ခ) စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် ဆောင်ရွက်မယ်။

(ဂ) တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သလို တိုင်းပြည်အင်အားရှိမှ တပ်မတော်အင်အားရှိမည်ကိုလည်း ခံယူပါတယ်။

(ဃ) စစ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ နိုင်ငံရေးစွမ်းအား အစရှိတဲ့ စွမ်းအား (၃) ရပ်ကို အချိုးညီညီ မြှင့်တင်ပေးပါမယ်။

### တိုင်းရင်းသားရေးရာလုပ်ငန်းစဉ်

(က) သက်ဆိုင်ရာ ပြည်နယ်ကြီးရှိ တိုင်းရင်းသားအသီးသီးတို့သည် မိမိတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရမယ်။

(ခ) တိုင်းရင်းသားအချင်းချင်း နိုင်ငံရေး၊ စီးပွားရေးနှင့် ဒေသဆိုင်ရာ သဘောထားများ ကွဲလွဲမှုရှိပါက ညှိနှိုင်း အဖြေရှာပါမယ်။

### အလုပ်သမားရေးရာလုပ်ငန်းစဉ်

(က) ကာယ၊ ဉာဏအလုပ်သမားအားလုံး မိမိရရှိသည့် လစာဝင်ငွေနှင့် ပျော်ရွှင်သောမိသားစု၊ လူမှုဘဝကို တည်ဆောက်နိုင်ရမယ်။

(ခ) ဥပဒေနှင့်အညီ အခွင့်အရေးများ ခံစားနိုင်သလို မိမိတို့၏တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်ရပါမယ်။

(ဂ) အငြိမ်းစားလစာငွေ ၅၀၀၀ိ/-အောက် ခံစားနေရသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် လူမှုဖူလုံရေးစရိတ် ထောက်ပံ့နိုင်ရန် နည်းလမ်းရှာ၍ ဆောင်ရွက်ပေးပါမယ်။

(ဃ) အလုပ်လုပ်နိုင်သော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးပါမယ်။ နိုင်ငံခြားသွားရောက်လုပ်ကိုင်သော လူငယ်များအတွက် အခွန်ငွေ အထူးလျှော့ပေါ့ပေးပါမယ်။

(င) တည်ဆဲဥပဒေနှင့်အညီ အလုပ်သမားများ ခံစားခွင့်ရှိစေရပါမယ်။

(စ) လက်လုပ်လက်စား အခြေခံလူတန်းစားများ တစ်ရက်တာ လုပ်အားခနှင့် မိသားစုစားဝတ်နေရေး လောက်ငမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

### တောင်သူလယ်သမားများရေးရာလုပ်ငန်းစဉ်

(က) လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိစေရမည်။ ပိုင်ဆိုင်ခွင့်ရှိသော်လည်း လွှဲပြောင်းရောင်းချခြင်း မပြုစေရ။

(ခ) စိတ်ကြိုက်သီးနှံများ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရမယ်။

(ဂ) မြေလွတ်မြေရိုင်းများ တိုးချဲ့ထုတ်ဖော် စိုက်ပျိုးခွင့် ရရှိစေရမယ်။ ပထမ (၃)နှစ်အတွင်း အခွန်ကင်းလွတ်ခွင့် ပြုပါမယ်။

(ဃ) နှစ်ရှည်ပင် စိုက်ပျိုးမှုများအတွက် အထူးဦးစားပေးပါမယ်။ စိုက်ပျိုးစရိတ်များ ကူညီပံ့ပိုးပေးပါမယ်။

(င) သီးနှံအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်စေပြီး သီးနှံစုံမျိုးစေ့များကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ပါမယ်။

### ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းစဉ်

မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းစဉ်များ ထိရောက်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို အမြန်ဆုံး ပြင်ဆင်မွမ်းမံသွားပါမယ်။

### စာနယ်ဇင်းနှင့်ပတ်သက်သော သဘောထား

စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လွတ်လပ်စွာ ထုတ်ဝေရေးကို အားပေးပါသည်။ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အသင်းအဖွဲ့ပိုင် စာနယ်ဇင်းများအား စနစ်တကျ မှတ်ပုံတင်၍ ရေးသားထုတ်ဝေနိုင်စေရမည်။

### နိဂုံး

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် အင်းလေးဒေသရှိ လူမျိုးစုအားလုံး ကိုယ်စားပြုသော်လည်း အများဆုံး စုစည်းပါဝင်သည့် အင်းသူ၊ အင်းသားများ၏ ပထမဦးဆုံးသော နိုင်ငံရေးပါတီဖြစ်သည့်အားလျော်စွာ ခေတ်သစ်၊ စနစ်သစ် နည်းပညာသစ်များ ပေါ်ကြွယ်ဝသည့် ခေတ်ကြီးတွင် ပွင့်လင်းမှု၊ လွတ်လပ်မှု၊ ရိုးသားကြိုးစားမှု၊ တန်းတူရည်တူရှိမှုတို့ကို အခြေခံ၍ အခြားသော နိုင်ငံရေးပါတီများနှင့် ချစ်ကြည်ရင်းနှီးစွာ ပါတီစုံဒီမိုကရေစီခေတ်ကြီး၏ အနှစ်သာရများကို ဖော်ထုတ်ရင်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို အောင်မြင်စွာ တည်ထောင်ကြပါစို့လို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ရဟန်းသံဃာတော်များ၊ ပြည်သူများအားလုံး နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ။

## မြဝတီရုပ်မြင်သံကြား

**၇-၁၀-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ လေးမြတ်စွာပူဇော် မကွေးဆရာတော် (အပိုင်း-၂)
၇း၃၀ ၄။ မေ့ပူဇာတေး
၇း၃၅ ၅။ မျိုးချစ်တပ်မတော်
၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၁၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၁၀)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားကသိုင်းသမား (အပိုင်း-၂၂)**
၂၅။ ဂီတရင်ခုန်သံ
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

# ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



ပြည်ထောင်စုနိုင်ငံသားအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်က ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

### ပြည်ထောင်စုသားများခင်ဗျား

- ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်ဟာ ရှည်လျားပြီး သမိုင်းကြောင်း ခိုင်မာတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး အမျိုးသားသွေးစည်းညီညွတ်ရေးဟာ ရခိုင်တိုင်းရင်းသားများ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းခေတ်များနဲ့အတူ ကျစ်လျစ်ခိုင်မာခဲ့ပါတယ်။
- ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ် အပါအဝင် ဒုတိယကမ္ဘာစစ်နဲ့ ခေတ်အဆက်ဆက် နိုင်ငံရေးမတည်ငြိမ်မှု အမျိုးမျိုးကိုလည်း အမျိုးသားသွေးစည်း ညီညွတ်ရေး အခြေခံစိတ်ဓာတ်နဲ့ပဲ ခိုင်မာစွာ ရပ်တည်ခဲ့ပါတယ်။
- ကျွန်တော်တို့ပါတီကို အမျိုးသားသွေးစည်းညီညွတ်ရေးသာလျှင် ရှေ့လာမယ့် ပြည်ထောင်စုနိုင်ငံရေးဖြစ်စဉ်တွေမှာ ခိုင်မာစွာရပ်တည်နိုင်ဖို့ လိုအပ်ချက်ဖြစ်တယ်လို့ ယုံကြည်တဲ့ လူပုဂ္ဂိုလ်တွေ၊ လူငယ်တွေ၊ အမျိုးသမီးတွေနဲ့ လစ်ဘရယ် ဒီမိုကရက်တစ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရည်ရွယ်ပြီး တည်ထောင်ခဲ့ကြတာ ဖြစ်ပါတယ်။

### ပါတီရဲ့အခြေခံမူဝါဒ (၃)ရပ်မှာ

- ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေး (Development)
- ပြည်ထောင်စုနိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တန်းတူညီမျှမှု ရှိစေရေး (Equality)
- ပြည်ထောင်စုနိုင်ငံတော်အတွင်း လစ်ဘရယ်ဒီမိုကရက်တစ်ဝါဒ ဖြစ်ပေါ်ထွန်းကားလာရေး (Democratization) တို့ ဖြစ်ပါတယ်။
  * ရခိုင်ပြည်နယ်ကို အဓိကအခြေခံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရခိုင်အမျိုးသားများကို ကိုယ်စားပြုနိုင်ဖို့အတွက်ပါ ရွေးချယ်ခံမှာ ဖြစ်ပါတယ်။
  * ရန်ကုန်တိုင်းဒေသကြီး တစ်နေရာအပါအဝင် ရခိုင်ပြည်နယ်အတွင်း လွှတ်တော် သုံးရပ်မှာ စုစုပေါင်း (၄၄)နေရာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီ ဖြစ်ပါတယ်။

ရွေးကောက်ပွဲကတစ်ဆင့် ရွေးကောက်ပွဲလွန်ကာလမှာ ပေပြစ်ချောမွေ့တဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဖြစ်စဉ်တစ်ခု ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြတဲ့ ရခိုင်တိုင်းရင်းသားများရဲ့ဆန္ဒကို ဖော်ပြနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

ပါတီအမှတ်တံဆိပ်ဟာ သီရိဝစ္ဆရခိုင်ဒင်္ဂါးဖြစ်ပါတယ်။

အခုဆက်ပြီး ကျွန်တော်တို့ရဲ့ ပြည်ထောင်စုနိုင်ငံတော်နှင့်ပတ်သက်တဲ့ ရည်မှန်းချက် မူဝါဒများကို တင်ပြပါမယ်။

(၁) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများ ပိုင်းခြားသုံးစွဲရာတွင် ထင်သာမြင်သာရှိစေ၍ အပြန်အလှန် ထိန်းကျောင်းနိုင်သော စွမ်းအားရှိစေရေး။

(၂) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်တိုင်းဒေသကြီးလွှတ်တော်များသို့ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေး အာဏာများကို ကျင့်သုံးရာတွင် အများဆန္ဒအရ ဆုံးဖြတ်ရမည်ဖြစ်သော်လည်း အနည်းစုဆန္ဒများကိုလည်း ထည့်သွင်းစဉ်းစား နေရာပေးရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ အနုပညာ၊ စကား၊ သမိုင်းအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရာတွင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိစေရေးနှင့် တိုင်းရင်းသားအသီးသီး၏ သမိုင်းနှင့် စာပေများအား ဖော်ထုတ်သင်ကြားနိုင်ရေး။

(၄) လယ်ယာမြေ နိုင်ငံတော်ပိုင်ဆိုင်သည့်စနစ်အား လယ်သမားများ ကိုယ်တိုင် လွတ်လပ်စွာ ရောင်းဝယ်ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့် စသည့် မိမိလယ်ယာမြေအား ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ရှိသည့် လယ်ယာမြေ မူဝါဒဖြင့် အစားထိုးနိုင်ရန် လယ်ယာထွက်ကုန် တိုးမြှင့်ထုတ်လုပ်နေကြသော ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျက် ပညာရှင်များမှ ဦးစီးရေးဆွဲရေး။

(၅) လယ်ယာလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထူးစီမံကိန်းဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းရပါမယ်။ မျိုးစေ့၊ ခေတ်မီနည်းပညာ၊ စိုက်ပျိုးရေး ကိရိယာများ၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ လောင်စာဆီစသည်များကို အထူးစီမံကိန်းဖြင့် ပံ့ပိုးခြင်း၊ အတိုးနှုန်း သက်သာစွာဖြင့် စိုက်ပျိုးရေး စရိတ်ချေးငွေ အထူးခံစားခွင့်၊ ရေမြေသဘာဝ၊ ဈေးကွက်လိုအပ်ချက်နှင့် အညီ လွတ်လပ်စွာ သီးနှံရွေးချယ်စိုက်ပျိုးခွင့်၊ ထုတ်လုပ်သိုလှောင် ကြိတ်ခွဲ သယ်ယူ ရောင်းချ ပိုင်ခွင့်ရရှိရေး ဥပဒေပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး။

(၆) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ မိမိတို့၏ အရည်အချင်းနှင့်အညီ လူမျိုးဘာသာမခွဲခြားဘဲ ရာထူးအဆင့်မှန်ကန်စွာ ထမ်းဆောင်ခွင့်ရရှိရေး၊ ထိုက်တန်သည့် လုပ်ခလစာစရိတ်နှင့် အဆောင်အယောင်များအား အနည်းဆုံး အာဆီယံ စံနှင့်အညီ ခံစားခွင့်ရရှိရေး ဆောင်ရွက်သွားရေး။

(၇) အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် အထူးရန်ပုံငွေထူထောင်ရေး၊ အငြိမ်းစားယူခဲ့သည့်ကာလ မခွဲခြားဘဲ တစ်ပြေးညီ လစာနှုန်းထားဖြစ်ရေး။

(၈) မိမိတို့နယ်ပယ်အလိုက် အခြေခံအခွင့်အရေး ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်ရန် လွတ်လပ်သည့် အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများစသည့် စစ်မှန်ပြီး အမှန်တကယ်လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းများ ဥပဒေနှင့်အညီ ပေါ်ပေါက်ရေး။

(၉) ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်အား အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၁၀) အစိုးရ၏ ပြည်ထောင်စုအခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် ပြည်သူလူထုအား ရုပ်ပိုင်း စိတ်ပိုင်းဖိစီးမှုများ မဖြစ်ပေါ်စေရေး၊ ထိခိုက်မှုများအတွက် ဖြေလျော့နှစ်သိမ့်ပေးနိုင်သော အစီအစဉ်များ ပြည့်စုံစွာ ဖြည့်သွင်းရေး။

(၁၁) ပညာရေး ရင်းနှီးမြှုပ်နှံမှုအတွက် ထိရောက်သောမူဝါဒနှင့် လုပ်ငန်းစဉ်များရေးဆွဲရန် သက်ဆိုင်ရာပညာရှင်များသို့ ယုံကြည်စွာအပ်နှံရေး။

(၁၂) တက္ကသိုလ်ပညာရေးကို သုတေသနအခြေခံသော ပညာရေးစနစ်ဖြစ်အောင် ဖြည့်ဆည်းမြှင့်တင်ရေး၊ လွတ်လပ်စွာ ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ပညာရေးအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရရှိစေရေး။

(၁၃) အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကုသမှုတို့ကို အခမဲ့ရရှိစေရေး၊ ဆေးဝါးကုသမှုနှင့်ဆိုင်သော ဆေးရုံ၊ ဆေးပစ္စည်း၊ ခွဲစိတ်ကုသရေးကိရိယာနှင့် ခေတ်မီရောဂါရှာဖွေရေး စက်ကိရိယာများ စုံလင်စွာရှိစေရေး၊ ကျန်းမာရေးမူဝါဒနှင့် လုပ်ငန်းစဉ်ရေးဆွဲရေးကို ကျန်းမာရေးဆိုင်ရာ ပညာရှင်များလက်သို့ အပ်နှံရေးတို့ ဖြစ်ပါတယ်။

### ပြည်ထောင်စုသား ပြည်သူများခင်ဗျား

ဆက်လက်ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရဲ့ ပြည်ထောင်စုနိုင်ငံတော်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြပါမယ်။

(၁) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုစီရင်စုဒေသအသီးသီးသို့ အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သော လယ်ယာ၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး စသည့် လုပ်ငန်းကဏ္ဍများအတွက် အခြေခံများ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်။

(၂) မိမိကြိုက်နှစ်သက်သော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုး၍ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ဈေးကွက်အခွင့်အရေးကို လွတ်လပ်စွာခံစားခွင့် ရရှိရေးစီစဉ်ပေးရန်။

(၃) လယ်ယာနှင့်စိုက်ပျိုးရေး၊ မွေးမြူရေး ရေလုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေး ပံ့ပိုးပေးနိုင်ရေး အရင်းအမြစ်များ လွယ်ကူစွာရရှိနိုင်ရေး စီစဉ်ပေးရန်၊ စိုက်ပျိုးရေးကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်း စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန်။

(၄) စက်မှုနှင့်နည်းပညာ ကုန်ထုတ်လုပ်ငန်းများအတွက် ဘဏ္ဍာငွေနှင့် နည်းပညာရရှိရေး စီစဉ်ပေးရန်။

(၅) စွန့်ဦးတီထွင် မျိုးဆက်သစ်စီးပွားရေးလုပ်ကိုင်သူများ ပေါ်ပေါက်လာရန်အတွက် အထောက်အကူပြုရန်ပုံငွေများ တည်ထောင်ပံ့ပိုးပေးရန်။

(၆) အသေးစားနှင့်အလတ်စား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း ကန့်သတ်ပမာဏဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုစီရင်စုဒေသများ၏ သဘာဝအားသာချက်အလိုက် လုပ်ပိုင်ခွင့်ပေးရန်။

(၇) အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအပါအဝင် အဆင့်မြင့် ပညာရေးနှင့် ပညာရေးနှင့်နည်းပညာမြှင့်တင်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍကို အားဖြည့်မြှင့်တင်ရန်တို့ ဖြစ်ပါတယ်။

### ရခိုင်တိုင်းရင်းသားပြည်သူများခင်ဗျား

ဆက်လက်ပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်မူဝါဒများကို တင်ပြပါမယ်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံသည် လယ်ယာ၊ ရေလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းများဖြစ်ပါတယ်။ ဒါကြောင့်

(၁) လယ်ယာ၊ ရေလုပ်ငန်း၊ ဆောင်းသီးနှံ၊ မွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ တိုးချဲ့မြှင့်တင်ရေး။

(၂) တောင်ပေါ်ရှိ စိုက်ပျိုးမြေများ ဖော်ထုတ်ရေး၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ကာ စိုက်ပျိုးရေးထုတ်ကုန်အခြေခံ စက်မှုလုပ်ငန်းများ ဖော်ထုတ်ရေး။

(၃) ရေငန်တား တာတမံကြီးများ တည်ဆောက်၍ မြစ်ဝမြေနုကျွန်းပေါ် မြေရိုင်း၊ မြေသစ်များ ဖော်ထုတ်ရေး။

(၄) ရခိုင်ပြည်နယ် အမျိုးသားစီးပွားရေးအစီအစဉ်များ။

(၅) ရခိုင်ပြည်နယ် အမျိုးသားကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ။

(၆) ရခိုင်ပြည်နယ် အမျိုးသားလျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးအစီအစဉ်များ။

(၇) အငယ်စားနှင့် အလတ်စား ပြည်တွင်း/ပြည်ပ စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အမျိုးသားရေးအစီအစဉ်များ။

(၈) ကွန်ပျူတာ၊ အင်တာနက် ဆက်သွယ်ရေးပညာရပ်နှင့် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍများ လွယ်ကူစေရေး။

(၉) သစ်တော၊ ဒီရေတော ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် အရှည်သဖြင့် ဖွံ့ဖြိုးတိုးတက်ရေး။

(၁၀) ရခိုင်ပြည်သူ လူထုများ သဘာဝ မြစ်ချောင်း တောတောင်များကို မှီခို၍ ဝမ်းစာရှာဖွေ စားသောက်နေရသော အခြေအနေမှ လွတ်မြောက်ရေး။

(၁၁) ပင်လယ်ဆိပ်ကမ်း တံတားများ ဖွံ့ဖြိုးအောင် တည်ဆောက်၍ ပြည်နယ်၏ ကုန်သွယ်ရေကြောင်း လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး။

(၁၂) ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသော လူမျိုးမရွေး၊ ဘာသာမရွေး လူမျိုးအသီးသီး၏ ဘာသာ၊ ယဉ်ကျေးမှု၊ စားဝတ်နေရေး ရှာဖွေရမှုနှင့် အခြေခံလူ့အခွင့်အရေးများ လုံခြုံမှုရှိစေရန် ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊ လူသားချင်း စာနာထောက်ထားမှု ခံစားခွင့်များကို အာမခံချက်ပေးရေးတို့ ဖြစ်ပါတယ်။

### လေးစားအပ်ပါသော ရခိုင်ပြည်သူလူထုအပေါင်းတို့ခင်ဗျား

ယခု ဆက်လက်ပြီး လွှတ်တော်အဆင့်ဆင့်နှင့် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့အား ရခိုင်ပြည်သူလူထုအကျိုးစီးပွားအတွက် တွန်းအားပေးဆောင်ရွက်မည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) ၏ လုပ်ငန်းစဉ်များကို တင်ပြသွားပါမယ်။

(၁) ရခိုင်ပြည်နယ်၏ စီးပွားရေးအသက်သွေးကြောဖြစ်သော လယ်ယာနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဘဏ္ဍာငွေလုံလောက်စွာရရှိစေရန်၊ လိုအပ်သော နည်းပညာများ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ကျွဲ၊ နွား၊ လယ်ထွန်စက်များ လုံလောက်စွာ သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးရန်၊ လယ်ယာနှင့် ရေလုပ်ငန်း အရေးပေါ်/ အသေးစားငွေချေးယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(၂) မျိုးစပါးများကို သင့်တော်သလို အသစ်လဲလှယ်နိုင်အောင် စီစဉ်ပေးရန်၊

(၃) ရေလုပ်ငန်းအခြေခံ ရေခဲစက်၊ အအေးခန်းစက်ရုံ၊ ကုန်ချောထုတ်စက်ရုံ၊ အမှုန့်ကြိတ်စက်ရုံများကို မိမိတို့၏အမျိုးသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလာနိုင်အောင် အရင်းများဖန်တီးပေးပါမယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများကိုလည်း ရခိုင်အမျိုးသားလုပ်ငန်းရှင်များ ထိခိုက်နစ်နာမှု မရှိစေရန် သို့မဟုတ် ဖက်စပ်ရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်ပေးရန်၊

(၄) ရခိုင်ပြည်နယ်၏ သဘာဝအရင်းအမြစ်ဖြစ်သော သဘာဝဓာတ်ငွေ့များကို အခြေခံ၍ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲခွင့်ရရှိရေး၊ ဈေးနှုန်းချိုသာစေရေးများကို ဆောင်ရွက်ပေးရန်၊

(၅) ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ဈေးနှုန်းသက်သာမှုနှင့် ပင်လယ်ဆိပ်ကမ်း အားသာချက်များ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများကဲ့သို့ ဈေးကွက်ကြီးများနှင့် နီးစပ်ခြင်း စသည့်အားသာချက်များကို အသုံးချ၍ ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဆောင်ရွက်ပေးရန်၊

(၆) ရခိုင်ပြည်နယ်၏ ပေါများသော သစ်တောထွက်ပစ္စည်းများကို အခြေခံ ထုတ်လုပ်သော စက်မှုကုန်ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရပါမယ်။ အထူးသဖြင့် ဤလုပ်ငန်းများကို ဂွ၊ သံတွဲ၊ တောင်ကုတ် စသော မြို့နယ်များတွင် လက်မှုပညာထွန်းကားသည့် အားသာချက်တစ်ခုအဖြစ် ဦးစားပေး တည်ဆောက်ပေးရန်၊

(၇) တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ သံတွဲတို့တွင် တည်ရှိသော သဘာဝထုံးကျောက်တောင်များ၊ ဝါးတောများကို အခြေခံ၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့များကို အခြေခံ၍လည်းကောင်း၊ ဓာတ်မြေသြဇာစက်၊ ဘိလပ်မြေစက်၊ ကျောက်ပြားစက်၊ အထပ်သားစက်ရုံ၊ စက္ကူစက်များဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန်၊

(၈) မိုးရေချိန်လက်မ ၂၀၀ကျော်ရွာသွန်းသော ရခိုင်ပြည်နယ်တွင် မိုးလွန်ကာလ ရေရှားပါးသောပြဿနာကို မြို့ပြကျေးလက်အလိုက် အမြန်ဆုံး ပေးနိုင်ရန် ကြိုးစားပေးပါမယ်။ နှစ်ပေါင်း(၂၀၀)နီးပါး ကြာခဲ့ပြီဖြစ်သော စစ်တွေမြို့ ရေပေးဝေရေးစနစ်ကိုလည်း နည်းပညာသစ်များဖြင့် ပြုပြင်ပေးရန်၊

(၉) လာမည့် ၁၅နှစ်အတွင်း ပညာတတ်လူလတ်တန်းစားအလွှာတစ်ခု ပေါ်ပေါက်လာစေပြီး ရခိုင့်လူအဖွဲ့အစည်းသည် ပညာအခြေခံ လူ့အဖွဲ့အစည်းဖြစ်လာစေရန်၊

(၁၀) လက်လုပ်လက်စားအလုပ်သမားများနှင့် အခြေခံအလုပ်သမားများ၏ ဝင်ငွေမြင့်မားလာစေရန်နှင့် အလုပ်အကိုင်သစ်များ ဖော်ထုတ်ပေးရန်၊

### လေးစားအပ်ပါသော ပြည်ထောင်စုသား ပြည်သူများနှင့် ရခိုင်ပြည်သူလူထု အပေါင်းတို့ခင်ဗျား

- ရခိုင်တိုင်းရင်းသားတို့ရဲ့ ကြွယ်ဝချမ်းသာမှုသင်္ကေတနိမိတ် သီရိဝစ္ဆ ရခိုင်ဒင်္ဂါးတံဆိပ်ကို မဲပေးကြပါ၊
- ငြိမ်းချမ်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ရခိုင်ပြည်နယ်တွင် လွှမ်းခြုံနိုင်ပါစေ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင်လည်း လွှမ်းခြုံနိုင်ပါစေလို့ ဆုတောင်းပြီး နိဂုံးချုပ်အပ်ပါတယ်။

**၂၄-၉-၂၀၁၀မှအဆက်**

# ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေထိန်းသိမ်းရေး နိုင်ငံအားလုံးပါဝင်ဆောင်ရွက်

တက္ကသိုလ် တင်လက်ျာ



တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ကျားဖြူ နှစ်ကောင် မြူးထူး ဆော့ကစား နေကြသည်ကို ဤသို့ တွေ့ရသည်။

## ကျားတို့၏ ဇာတိမြေများ

**ကျားသည် အာရှတိုက်ဇာတိဖြစ်သည်။ ကျားများ၏ ဘိုးဘွားမျိုးရိုးစဉ်ဆက် ကျက်စားခဲ့သည့်ဒေသများသည် အာရှတိုက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ ဖြစ်ကြသည်။ မြောက်လတ္တီတွဒ် ၇၀ဒီဂရီရှိ အာတိတ်ပင်လယ်ထဲမှ ကျွန်းတစ်ခုပေါ်တွင် တွေ့ရှိခဲ့သော ကျားစွယ်များမှာ ရှေးကျသော ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ကျောက်ဂူ များအတွင်း၌ တွေ့ရှိရကြောင်း သိရှိရသည်။**

**ကြောင်မျိုးရင်းမှ ဆင်းသက်လာသော ကျားများသည် အာရှတိုက်မြောက်ပိုင်းမှ အာရှတိုက်အလယ်ပိုင်းသို့ တဖြည်းဖြည်းရွှေ့ပြောင်းလာခဲ့ရာ စင်ကျီရိုင်းသဲကန္တာရ၊ တိဘက်ကုန်းပြင်မြင့်နှင့် မြင့်မားသော ဟိမဝန္တာတောင်တန်းများက ကာဆီးနေသဖြင့် အရှေ့ဘက်မှ မန်ချူးရီးယားသို့လည်းကောင်း၊ အနောက်ဘက် ရုရှားနိုင်ငံရှိ တောင်တန်းများနှင့် ၎င်းတောင်တန်းဒေသတစ်ဝိုက် နယ်မြေများသို့ လည်း ကောင်း ဝင်ရောက်လာကြသည်။ ၎င်းကျားများသည် မန်ချူးရီးယားဒေသမှတစ်ဆင့် တဖြည်းဖြည်း အာရှတိုက်၏ အရှေ့တောင်ပိုင်းဒေသများသို့ ပြောင်းရွှေ့လာကြ သည်။ ၎င်းမှတစ်ဆင့် ကျားစားကျက်ကောင်းသော မြန်မာနိုင်ငံမြောက်ဖျားဒေသများ သို့ ပြောင်းရွှေ့လာကြသည်။ ၎င်းကျားသည် မြန်မာနိုင်ငံမြောက်ခြမ်းမှတစ်ဆင့် အာသံကိုဖြတ်ကာ အိန္ဒိယနိုင်ငံမြောက်ခြမ်း တောကောင်းသော ဟိမဝန္တာတောင်တန်းများသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုက်ဆိုးနယ်နှင့် ယမုံနာမြစ်သို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။**

## ကျားအမျိုးအစားများ

ကမ္ဘာပေါ်တွင် ကျားအမျိုးအစား ကိုးမျိုးရှိသည်ဟု မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ ၎င်းတို့မှာ (၁) Bengal Tiger(*Panthera tigris tigris*)၊ (၂) Indochinese Tiger(*Panthera tigris corbetti*)၊ (၃) South China Tiger (*Panthera tigris amoyensis*)၊ (၄)Malayan Tiger (*Panthera tigris jacksoni*)၊ (၅) Sumatran Tiger(*Panthera tigris sumatrae*)၊ (၆) Amur Tiger (*Panthera tigris altaica*) နှင့် မျိုးသုဉ်းသွားသည့် ကျားအမျိုးအစားများမှာ (၇) Bali Tiger (*Panthera tigris balica*)၊ (၈) Caspian Tiger(*Panthera tigris virgata*)၊ (၉) Javan Tiger(*Panthera tigris sondaica*) တို့ ဖြစ်ပါသည်။

အာရှတိုက်မြောက်ခြမ်းရှိ ကျားများသည် အာရှတိုက်တောင်ဘက်ခြမ်းသို့ တဖြည်းဖြည်း ရွှေ့ပြောင်းလာသည့်ကာလ ရှည်ကြာလာသည်နှင့်အတူ ၎င်းတို့၏ အရွယ်အစားများ သေးငယ်လာဟန်တူပါသည်။ ရုရှားနိုင်ငံ အတ်ဆူရီ (Ussuri) ဒေသရှိ ကျားများသည် အလွန်ကြီးမား၍ ၁၃ပေခန့် ရှည်လျားသည်ဟု လေ့လာသိရှိရသည်။ မန်ချူးရီးယားဒေသရှိ ကျားအများစုမှာ ၁၂ပေထက် ပိုရှည်ကြောင်းတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံရှိ အကြီးဆုံးကျား၏ အရှည်သည် ၁၁ပေခန့်သာ ရှည်လျားကြောင်းတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံရှိ ကျားအများစု၏ အရှည်သည် ခန့်မှန်းခြေ ၁၀ပေခန့်သာ ရှည်လျားသဖြင့် မြန်မာနိုင်ငံရှိ မြန်မာ့ကျားနှင့် အရွယ်တူညီမှုလောက်ရှိသည်။ ထိုမှတစ်ဖန် မြန်မာနိုင်ငံ၏တောင်ဖျား အရှေ့တောင်အာရှ ကျွန်းဆွယ်တွင်ရှိသည့် မလေးရှားကျားသည် မြန်မာနိုင်ငံရှိ ကျားထက် ပိုသေးငယ်၍ ထိုမှတစ်ဖန် မလေးရှား၏တောင်ဘက်အခြမ်း အင်ဒိုနီးရှား ကျွန်းဆွယ်ရှိ ကျားများသည် မလေးရှားရှိ ကျားများထက်ပို၍ အရွယ်သေးငယ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ ကျားသည် ဘင်္ဂလားကျားမျိုး (*Panthera tigris tigris*)တွင် ပါဝင်သည်။

## ကျားတွေ့ရှိနိုင်သောဒေသများ

ကျားများအား ကမ္ဘာပေါ်တွင် တွေ့ရှိနိုင်သောဒေသများမှာ ရုရှားနိုင်ငံ အတ်ဆူရီ နယ်ရှိ အာမူမြစ်၏အောက်ပိုင်းဒေသများ၊ တရုတ်နိုင်ငံ မန်ချူးရီးယားနှင့် ဖူကီအန်နယ်ရှိ သစ်တောထူထပ်သည့်ဒေသများ၊ အိန္ဒိယနိုင်ငံ အရှေ့တောင်အာရှကျွန်းဆွယ် နိုင်ငံများဖြစ်သော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့တွင်မူ ကျားရှိသည်ဟု သိရှိရသော်လည်း တွေ့ရခဲသည်ဟု လေ့လာသိရှိရပါသည်။ ကမ္ဘာပေါ်တွင် ကျားသတ္တဝါများအား မုဆိုးများက ဈေးကောင်းရရှိသည့်အပေါ် မူတည်ပြီး နှစ်ပေါင်းတစ်ရာကျော်မျှ တရားလွန်သတ်ဖြတ်ခဲ့ကြသဖြင့် ကျားသည် ၂၀ရာစု ကုန်လောက်၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းမည့် ရှားပါးသတ္တဝါအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းများအရ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော် ၁၉၀၃ ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အထက်ပစ္စယာပေ ၈၀မြင့်သော နေရာအထိ ကျားမတစ်ကောင် တက်ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ၎င်းအပြင် ရန်ကုန်မြို့၏မြောက်ခြမ်း ၄၁မိုင်ခန့်သာ ကွာဝေးသည့် ဂျိုးဖြူရေလှောင်ကန်မှ ပဲခူးရိုးမတောင်ဘက်တစ်ဝိုက်အထိ ကျားများ မကြာခဏရောက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရသည်။ ၎င်းအပြင် ဒုတိယကမ္ဘာစစ်ဖြစ်အပြီး ကျားတစ်ကောင်သည် မင်္ဂလာဒုံ၊ ကန်တော်မင်ဒေသသို့ ဝင်ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရသည်။

## ကျားဖြူ

ကျားဖြူများသည် သာမန် (*Panthera tigris*)များ၏ မျိုးဆက်ဖြစ်ပြီး မျိုးရိုးဗီဇ အခြေအနေကြောင့် အရောင်ဖျော့နေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဆိုက်ဘေးရီးယားကျားများ၌လည်း ကျားဖြူမျိုးရှိကြောင်း သိရပါသည်။ ထို့ပြင် သမိုင်းမှတ်တမ်းများအရ ကျားဖြူကို အိန္ဒိယနိုင်ငံအတွင်း တွေ့ရှိခဲ့သည်။ ရေဝ(Rewa)မဟာရာဇာ၏ ပြည်နယ်များတွင် ကျားဖြူများရှိကြောင်း သိရှိရသည်။ ကျားဖြူများသည် သာမန်အရောင် အနက်အဝါကျားများထက် ပို၍လှပသည်။ ထိုကျားများကို မဟာရာဇာများမှ သိပ္ပံနည်းကျမွေးမြူရန် အိန္ဒိယအစိုးရနှင့် သဘောတူညီချက်ရယူ၍ ဒေလီရှိ တိရစ္ဆာန်ဥယျာဉ်တို့တွင် ပြသခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၆၅ ခုနှစ်နောက်ပိုင်း နိုင်ငံခြားတိရစ္ဆာန် ဥယျာဉ်များသို့ ရောင်းချခဲ့ကြောင်း သိရှိရသည်။

ကျားဖြူများ၏ နောက်ခံအရောင်သည် သာမန်ကျားများကဲ့သို့ အနက်အဝါရောင် မဟုတ်ဘဲ နွားနို့ရောင်ကဲ့သို့ ဖြူဖွေးသည်။ အစင်းများသည် အညိုရောင်မှ အနီအမည်းရောင် သမ်းသည်။ ကျားဖြူတို့၏မျက်စိသည် စိမ်းပြာရောင်ဖြစ်သည်။ တစ်ခါတစ်ရံ ပယင်းရောင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျားဖြူနှစ်ကောင်ကို နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် လေ့လာကြည့်ရှုနိုင်ပြီ ဖြစ်သည်။ ကျန်ကျားများကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် မန္တလေးရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က ကျားများနေထိုင်ခဲ့သော ကချင်ပြည်နယ် ဟူးကောင်းတောင်ကြားဒေသ၊ ထမံသီဒေသနှင့် ကယားပြည်နယ်တို့တွင် မျိုးဆက်ပြုန်းလုနီးပါးရှိနေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာပြည်မြောက်ခြမ်း ဟူးကောင်း တောင်ကြားဒေသကို ကမ္ဘာပေါ်ရှိ ကျားသတ္တဝါအများဆုံး ကျက်စားရာ ကျား ထိန်းသိမ်းရေးဒေသအဖြစ် ကမ္ဘာ့ကျားထိန်းသိမ်းရေးအဖွဲ့ (Global Tiger Forum-GTF)က အသိအမှတ်ပြုထားရာ လက်ရှိ ဟူးကောင်း တောင်ကြားတစ်ဝိုက် အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျားအကောင်ရေမှာ ၁၅၀အောက်တွင် ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။

## ကျားနက်

ကျားနက်သည် ၎င်း၏ ညိုဝါရောင်အောက်ခံ ခန္ဓာကိုယ်အပေါ်၌ ထူထဲသော အနက်ရောင်အစင်းကြောင်းများ ပေါ်လွင်စွာတွေ့ရသဖြင့် ကျားနက်ဟု ခေါ်ဝေါ်ကြသည်။ ထိုကျားနက်များသည် သာမန်ကျားများထက် အရွယ်အစား သေးငယ်ပြီး တစ်ခါတစ်ရံ၌ တောကြောင်နက်များနှင့် ကျားသစ်နက်များကိုပင် ကျားနက်ဟု မှားယွင်းယူဆတတ်လေ့ ရှိကြသည်။ ကျားနက်များ ယခင်က ရှိခဲ့ဖူးကြောင်းကို ၁၉၁၃ခုနှစ်၌ A.T. Hauxwell ဆိုသူသည် မြန်မာနိုင်ငံ ဗန်းမော်မြို့အနီး၌ ကျားနက်တစ်ကောင်ကို ပစ်ခတ်ခဲ့ဖူးသည့် သတင်းအား Journal of Bombay Natural History Society ၌ ဖော်ပြပါရှိခဲ့ပါသည်။

## ကျားမျိုးသုဉ်းလာရခြင်းအကြောင်းများ

ကမ္ဘာပေါ်တွင် ကျားမျိုးများ လျော့ပါးပြုန်းတီးရခြင်း အကြောင်းအရင်းများမှာ ကမ္ဘာတစ်ဝန်း သစ်တောများပြုန်းတီးလာရခြင်းကြောင့် လည်းကောင်း၊ ကျားသားရေနှင့် ကျားရိုး၊ ကျားစွယ်များသည် တရုတ်နိုင်ငံရှိ ဈေးကွက်တွင် လွန်စွာဈေးကောင်းနေသောကြောင့်လည်းကောင်း ဖြစ်ပါသည်။ ကျားရိုးနှင့် ကျားစွယ်များသည် ရှေးတရုတ်တိုင်းရင်းဆေးများ ဖော်စပ်ရာတွင် လွန်စွာအသုံးဝင်အရေးပါသော ပစ္စည်းတစ်ခုအဖြစ် မှတ်ယူထားကြသဖြင့် တရုတ်နိုင်ငံရှိ ကာမအထောက်အကူပြုအားဆေးနှင့် အခြားတိုင်းရင်းဆေးများ ဖော်စပ်ရာတွင် မရှိမဖြစ် မပါမပြီးသော အဓိကဆေးဖက်ဝင်အရာများဟု ခေတ်အဆက်ဆက် ယူဆထားသဖြင့် အာရှတိုက်အတွင်း နိုင်ငံများအလိုက် ကျားပစ်ခတ်ဖမ်းဆီးမှုများကို နည်းမျိုးစုံသုံး၍ ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ကျားများကို ကျားလိုက်မုဆိုးများက သေနတ်ဖြင့်လည်းကောင်း၊ တိုက်မိုင်းထောင်၍လည်းကောင်း၊ တောတွင်းထောင်ချောက်မျိုးစုံဖြင့်လည်းကောင်း၊ ဓား၊ လှံ၊ မှိန်းများဖြင့်လည်းကောင်း၊ အဆိုးဆုံးမှာ ၎င်း၏အစာအဖြစ် ကျွဲ၊ နွား၊ ဆိတ်၊ ခွေးစသည့် သတ္တဝါများတွင် ဓာတုပစ္စည်းအဆိပ်များ သုတ်လိမ်းကာ အစာချ ထောင်၍ ဖမ်းဆီးခဲ့ကြသဖြင့် ကျားများ အဆိပ်သင့်၍ ပိုမိုသေဆုံးခဲ့ရကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ကျားအများဆုံးရှိရာ ဒေသတစ်ခုဖြစ်သော အိန္ဒိယနိုင်ငံ၌ ရှေးခေတ်အချို့သော မဟာရာဇာများနှင့် ဗြိတိသျှလူမျိုးတို့က ကျားပစ်ခြင်းကို ပျော်ရွှင်မှု အစဉ်အလာတစ်ရပ်အဖြစ် ပြုလုပ်ခဲ့ကြသည်။ ၎င်းအပြင် ယခင်က အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သော အခြားနိုင်ငံများမှ ဘုရင်များနှင့် နိုင်ငံအကြီးအကဲများအား ပျော်ရွှင်မှုရရှိစေဖို့ ကျားပစ်ရန် စီစဉ်ပေးကြသည်။ ကမ္ဘာပေါ်ရှိ နာမည်ကျော်ဆပ်ကပ်ပွဲများတွင် လူသားတို့ အပန်းဖြေ ပျော်ရွှင်မှုအတွက် ကျားတို့သည် ဖျော်ဖြေခံသတ္တဝါများအဖြစ် လှောင်အိမ်အတွင်း အသက်ရှင် ရပ်တည်လျက်ရှိပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၌ ကျားပစ်ခြင်းကို တစ်ချိန်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ တစ်စိတ်တစ်ဒေသ ဝင်ငွေလုပ်ငန်းအဖြစ် စီစဉ်ဆောင်ရွက် ခဲ့ဖူးကြသည်။ ထို့ကြောင့် ယနေ့ကမ္ဘာတွင် ကမ္ဘာ့ကျားမျိုးရင်းတို့မှာ ကျားကောင်ရေ လျော့နည်းမှုများဖြစ်လာ၍ မျိုးသုဉ်းမည့်အန္တရာယ်သို့ ကျရောက်လျက်ရှိပါသည်။ သို့ဖြစ်၍ **လူသနားမှ ကျားချမ်းသာ**မည့် ခေတ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၎င်းအပြင် ကျားများအားပစ်ခတ်သတ်ဖြတ်မှု များပြားလာပါက တိရစ္ဆာန်များ တစ်မျိုးနှင့် တစ်မျိုးဆက်နွှယ်နေသည့် သဘာဝဘက်မျှမှု Natural Balance နှင့် ဂေဟစနစ်မျှတမှု Eco- Balance များအပေါ် ဆိုးကျိုးသက်ရောက်ကာ Eco- System ဂေဟစနစ် ပျက်ပြားသွားနိုင်ပါသည်။ ထိုအခါ တောတွင်းရှိ ဝက်၊ သမင်၊ နွားမျိုးရင်းနှင့် အခြားကောက်ပဲသီးနှံဖျက်သတ္တဝါများ အလွန်အကျွံတိုးပွားလာနိုင်ပါသည်။ တောတွင်းနှင့် ဒေသအနှံ့ လူတို့၏ဖမ်းဆီးရောင်းဝယ်မှု ပယောဂကြောင့် မြွေသတ္တဝါများရှားပါးလာပါက ကြွက်များပေါများလာနိုင်ပြီး စိုက်ပျိုးရေး ကောက်ပဲသီးနှံများ ပျက်စီးနိုင်သလို ကျားသတ္တဝါလျော့နည်းလာပါက တောဝက်ကဲ့သို့သော အခြားသတ္တဝါများ များပြားလာပြီး စိုက်ပျိုးရေးလုပ်ငန်းရှိ တောင်သူတို့၏ ကောက်ပဲသီးနှံမျိုးစုံတို့ကို အလွန်အကျွံ ဖျက်ဆီးလာနိုင်ပါသည်။

**›› လက်ရှိ ဟူးကောင်း တောင်ကြားတစ်ဝိုက် အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျားအကောင်ရေမှာ ၁၅၀ အောက်တွင် ရှိနေ ‹‹**

## ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေပြန်လည်တိုးတက်ရေး

World Wildlife Fund (WWF) ရှိ ပညာရှင်များ၏ခန့်မှန်းချက်အရ ယခင်က ကမ္ဘာပေါ်တွင် ကျားကောင်ရေ တစ်သိန်းခန့်ရှိခဲ့ရာမှ လွန်ခဲ့သော ၂၀ ရာစုနှစ်အတွင်း ကျားကောင်ရေ ၃၂၀၀ခန့်သာ ကျန်ရှိတော့ကြောင်း ခန့်မှန်းထားကြပါသည်။ နိုင်ငံ ၁၃ နိုင်ငံပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးပွားလာရေး ထိန်းသိမ်းမည့် အစီအစဉ်၏ အကြိုအစည်းအဝေးတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ရက်မှ ၁၄ရက်အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးတက်ရေး အစီအစဉ်အတွက် အကြိုဆွေးနွေးခြင်းနှင့် မူကြမ်းရေးဆွဲရေးအတွက် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အစည်းအဝေးသို့ မြန်မာ၊ တရုတ်၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ နီပေါ၊ ရုရှား၊ ထိုင်းနှင့်ဗီယက်နမ် စသော နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အစိုးရတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးနှင့် ဆက်နွှယ်သော ကျားထိန်းသိမ်းရေးညီလာခံကို မကြာတော့မည့်ကာလအတွင်း ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းညီလာခံသို့ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်နှင့် သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့အစည်းများမှ တက်ရောက်မည် ဖြစ်ကြောင်းသိရသည်။

ထူးခြားချက်အနေနှင့် ၎င်း ကမ္ဘာ့ကျားထိန်းသိမ်းရေးညီလာခံသို့ ကမ္ဘာပေါ်ရှိ အသက် ၁၈နှစ်နှင့် ၂၅နှစ်အတွင်း လူငယ်များအစည်းအဝေး တက်ရောက်ရန် လျှောက်ထားနိုင်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရှိရပါသည်။ အစည်း အဝေးတက်ရောက်ရမည့် လူငယ်များသည် စာရေးသူ၏ အထက်တွင်ဖော်ပြထားသကဲ့သို့ ကျားများ၏ အလေ့အကျင့်များနှင့် နေထိုင်ပုံများကို လေ့လာရမည်ဖြစ်ပြီး လူဦးရေတိုးပွားလာသော တိုင်းပြည်များတွင် ကျားကောင်ရေလျော့နည်းသွားရခြင်း အကြောင်းရင်းများကို လေ့လာဆွေးနွေးရမည်ဖြစ်ကြောင်း သိရှိရသည်။

နိဂုံးချုပ်အားဖြင့် Wildlife Conservation Society (WCS) မှ Dr.Noviar Andayani ၏ ပြောကြားချက်အရ ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည် တိုးတက်ရေးကိစ္စရပ်မှာ ကျားနေရင်းဒေသ ၁၃နိုင်ငံဖြင့်သာ အကောင်အထည်ဖော်ရန် မဖြစ်နိုင်ကြောင်း၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၏ အကူအညီကိုလည်း လိုအပ် လျက်ရှိကြောင်း၊ အထူးသဖြင့် ကျားများ တရားမဝင်ရောင်းဝယ်မှု၏ ခရီးဆုံး သို့မဟုတ် ကျားများ ကူးပြောင်းရာဒေသရှိ အခြားနိုင်ငံများအနေဖြင့်လည်း ပိုမိုထိန်းသိမ်းသွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

လက်ရှိရာစုနှစ်အတွင်း အရှေ့တောင်အာရှဒေသရှိ ကျားအပါအဝင် အခြားရှားပါးတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များအားလုံး၏ ၄၂ရာခိုင်နှုန်းအထိ ပျက်စီးပြုန်းတီးလျက်ရှိနေကြောင်း လေ့လာသိရှိရပါသည်။ (Asean Wildlife Enforcement Network)။ လက်ရှိအခြေအနေအတိုင်း ကျားများကို ဖမ်းဆီးရောင်းဝယ်မှုနှင့် သစ်တောများပြုန်းတီးမှုများရှိနေပါက ၂၀၃၅ခုနှစ်ခန့်တွင် ကမ္ဘာပေါ်ရှိ ကျားမျိုးနွယ်များ လုံးဝမျိုးသုဉ်းပျောက်ကွယ် သွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားပါသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ Protected Area System (PAS) သည် နိုင်ငံတော်အတွက် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ရှေးသမိုင်းစဉ်ဆက်ကပင် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထူထောင်ထားခဲ့ရာ ပိတောင်ဘေးမဲ့တောကို ၁၉၁၈ခုနှစ်က စတင်တည်ထောင်နိုင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအနေဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၅ခု၊ ဧရိယာအကျယ်အဝန်းအားဖြင့် ၁၄၅၂၃ဒသမ၂၅ စတုရန်းမိုင်၊ နိုင်ငံဧရိယာ၏ ၅ ဒသမ ၅၆ ရာခိုင်နှုန်းအထိ နိုင်ငံတော်မှ ထိန်းသိမ်းကာကွယ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းပြင် နိုင်ငံတော်အနေဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄)ကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာရှဒေသတွင် အိန္ဒိယနိုင်ငံပြီးလျှင် ကျားကောင်ရေအများဆုံး ကျန်ရှိနေသေးသည့် နိုင်ငံတစ်နိုင်ငံဟု ပညာရှင်များက ခန့်မှန်းထားကြပြီး နိုင်ငံတော်မှ ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် မြန်မာနိုင်ငံ မြောက်ခြမ်း ကချင်ပြည်နယ် ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေကို ၂၀၀၄ခုနှစ် မှ စတင်၍ တည်ထောင်နိုင်ခဲ့သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးတက်ရေးနှင့်ကျားထိန်းသိမ်းရေးအတွက် အလားအလာကောင်းများ ရှိနေပါကြောင်း စာရေးသူက အောက်ပါကဗျာလေးဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများကို အထောက်အကူပြု လက်ဆောင်မွန်ပါးရင်း စုစည်း တင်ပြလိုက်ရပါသည်-**

**ကမ္ဘာပေါ်တွင်၊ အသက်ရှင်**
**သက်ရှိသက်မဲ့၊ ပတ်ဝန်းကျင်**
**မိသားစုသွင်၊ စိတ်မှာထား**
**ဝိုင်းဝန်း စောင့်ရှောက်ကြစို့လား။ ။**

နိုင်ငံတကာသတင်းများ    နိုင်ငံတကာသတင်းများ

# ကလေးများသေဆုံးခဲ့သည့် ကန်ဒါဟာပုံးခွဲမှု အာဖဂန်နစ္စတန်သမ္မတက ရှုတ်ချ

**ကန်ဒါဟာ အောက်တိုဘာ ၆** - အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် ကလေးငါးဦးအပါအဝင် လူကိုးဦးသေဆုံးခဲ့ရသည့်အတွက် ယင်းတိုက်ခိုက်သူများကို အာဖဂန်နစ္စတန်နိုင်ငံ၏ ရန်သူများဟု သမ္မတ ဟာမစ်ကာဇိုင်းက ဗုဒ္ဓဟူးနေ့တွင် ရှုတ်ချလိုက်သည်။

ကန်ဒါဟာမြို့တွင် အင်္ဂါနေ့ညက လမ်းဘေးဗုံးများ ပေါက်ကွဲခြင်းကြောင့် ကိုးဦးသေဆုံးပြီး ရဲအရာရှိများ အပါအဝင် ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီးကို ပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်သည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်၏ရန်သူ အစ္စလာမ္မစ်စစ်သွေးကြွများသည် ကလေးများအပါအဝင် အရပ်သားများကို တိုက်ခိုက်လျက်ရှိသည်ဟု သမ္မတရုံး၏ ကြေညာချက်တွင်ဖော်ပြထားသည်။

တာလီဘန်လှုပ်ရှားမှု၏ အခြေတည်ရာဒေသဖြစ်သည့် ကန်ဒါဟာကို ထိန်းချုပ်ခြင်းသည် ၎င်းတို့၏ တိုက်ခိုက်မှုအရှိန်အဟုန်ကို ကျဆင်းသွားစေမည့် အဓိကအချက်ဖြစ်သည်ဟု ယူဆရသည်။ ယင်းဒေသအတွင်း အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များက စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိသည်။ တာလီဘန်စစ်သွေးကြွများက လက်တုံ့ပြန်သည့်အနေဖြင့် ရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများအား ပစ်မှတ်ထား၍ တိုက်ခိုက်လျက်ရှိသည်။

**အေပီ။**

# ယခုနှစ်အတွင်း အီရတ်၌ သေဆုံးခဲ့ရသော သတင်းစာဆရာ အရေအတွက် ၂၀၀၉ ထက်များ

**ဘဂ္ဂဒက် အောက်တိုဘာ ၆** - အီရတ်နိုင်ငံအတွင်း သေဆုံးခဲ့ရသော သတင်းစာဆရာ အရေအတွက်သည် ၂၀၀၉ ခုနှစ်နှင့် နှိုင်းစာလျှင် ယခုနှစ်အတွင်း ပိုမိုများပြားလာကြောင်း ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့အခြေစိုက် စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းတစ်ခုက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အနောက်ဘက် မိုင် ၃၀ အကွာရှိ ဂါမာမြို့တွင် အယ်ဟာရာ ဂြိုဟ်တုရုပ်မြင်သံကြားဌာနမှ ရုပ်သံရိုက်ကူးရေး ဝန်ထမ်းတစ်ဦး သံလိုက်ဗုံးပေါက်ကွဲမှုကြောင့် အောက်တိုဘာ ၄ ရက် က သေဆုံးခဲ့သည်။ ၎င်းသည် အီရတ်နိုင်ငံ၌ ၂၀၁၀ ခုနှစ်အတွင်း သေဆုံးခဲ့သော ငါးဦးမြောက် သတင်းစာဆရာဖြစ်သည်။

အီရတ်နိုင်ငံတွင် ၂၀၀၇ ခုနှစ်အတွင်း သတင်းသမား ၄၂ ဦး သေဆုံးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၁၄ ဦးသေဆုံးခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် လေးဦးသေဆုံးခဲ့သော်လည်း ယခု ၂၀၁၀ ခုနှစ် အောက်တိုဘာလတွင် သေဆုံးခဲ့သော အီရတ်သတင်းစာဆရာ အရေအတွက်မှာ ငါးဦးအထိ ရှိခဲ့ပြီဖြစ်သည်။

ယင်းအတွက်ကြောင့် အီရတ်နိုင်ငံသည် ယခုနှစ်အတွင်း သတင်းစာဆရာ အများဆုံးသေဆုံးခဲ့ရသော နိုင်ငံများအနက် စတုတ္ထအဆင့်တွင် ရပ်တည်နေပြီဖြစ်သည်။ အီရတ်နိုင်ငံ၏ အထက်တွင် မက္ကဆီကို၊ ဟွန်ဒူးရပ်စ်နှင့် ပါကစ္စတန်နိုင်ငံတို့က အသီးသီး ရပ်တည်နေသည်။

အမေရိကန်တပ်ဖွဲ့များဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ၂၀၀၈ ခုနှစ်အထိ သတင်းစာဆရာ ၁၆၇ ဦး အီရတ်နိုင်ငံ၌ သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ။**



အီရတ်နိုင်ငံတွင် ယခုနှစ်အတွင်း သေဆုံးခဲ့သော သတင်းစာဆရာများ၏ မှတ်တမ်းများကို ကြည့်ရှုနေသူများ။



# နေတိုး ထောက်ပံ့ရေး ယာဉ်တန်း တိုက်ခိုက်ခံရ

**ကွက်တား အောက်တိုဘာ ၆**

လွန်ခဲ့သည့် ရက်သတ္တပတ်၌ ပါကစ္စတန်နိုင်ငံက အဓိက အာဖဂန် နယ်စပ်လမ်းကြောင်းကို ပိတ်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်အတွင်းရှိ နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေး မော်တော်ယာဉ်တန်းကို သေနတ်သမားများက ခြောက်ကြိမ်မြောက်အဖြစ် ဗုဒ္ဓဟူးနေ့တွင် မီးရှို့တိုက်ခိုက်ခဲ့ရာ ကားမောင်းသူတစ်ဦးသေဆုံးခဲ့သည်။

### လမ်းကြောင်းပိတ်

ပြီးခဲ့သည့် ကြာသပတေးနေ့က နေတိုးရဟတ်ယာဉ်တစ်စင်းသည် နယ်စပ်ဒေသအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်။ ယင်းနောက် ပါကစ္စတန်အစိုးရက ခိုင်ဘာတောင်ကြားလမ်းရှိ တော်ကန်နယ်စပ်လမ်းကြောင်းကို ပိတ်ခဲ့သည်။

အာဖဂန်ထောက်ပံ့ရေးမော်တော်ယာဉ်များသည် ပါကစ္စတန် အနောက်တောင်ပိုင်းရှိ ခြာမန်နယ်စပ်လမ်းကြောင်းနှင့် အာရှတိုက်အလယ်ပိုင်းနိုင်ငံများလမ်းကြောင်းတို့ကို နေ့စဉ်အသုံးပြုလျက်ရှိသည်။

ဗုဒ္ဓဟူးနေ့ စောစောပိုင်းက ခြာမန်နယ်စပ်လမ်းကြောင်းမှ ဖြတ်သန်းလျက်ရှိသော မော်တော်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

### လာရောက်တိုက်ခိုက်

ဘလူချစ္စတန်ပြည်နယ် မြို့တော်ကွက်တား၏ အစွန်အဖျားရှိ လမ်းဘေးဟိုတယ်တစ်ခု၌ ရပ်နားထားသော ထရပ်ကားများကို အမည်မသိသေနတ်သမားများက ကားနှစ်စီးဖြင့် လာရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ အနည်းဆုံး ကား ၂၅ စီးသည် တစ်စီးမှတစ်စီး ကူးစက်ကာမီးလောင်ပျက်စီးသွားကြောင်း ရဲအရာရှိ ဟာမစ်ရှာကီးလ်က ပြောသည်။

ယင်းထရပ်ကားများသည် လောင်စာဆီများ၊ စစ်ဘက်သုံး မော်တော်ယာဉ်များ၊ ကားအပိုပစ္စည်းများ၊ အဝတ်အထည်များနှင့် အာဖဂန်နစ္စတန်အတွင်းရှိ နိုင်ငံခြားတပ်ဖွဲ့များအတွက် စစ်သုံး မဟုတ်သော ပစ္စည်းများ သယ်ဆောင်လာကြခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှု နောက်ကွယ်တွင် မည်သည့်အဖွဲ့ရှိကြောင်း ရှင်းလင်းစွာ မသိရှိရသေးပေ။ **အေပီ။**

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ကဘူး အောက်တိုဘာ ၆**

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၂၂၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၉၂၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၂၂၈ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၉၂၆ ဦး |

**အင်တာနက်။**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ဘဂ္ဂဒက် အောက်တိုဘာ ၆**

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး အောက်တိုဘာ ၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၇၀၁ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၃၆၄၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | သေဆုံးသူအီရတ်ပြည်သူများ | ၇၀၃၇၀၁ ဦး |
| ၂ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၃၆၄၄ ဦး |

**အင်တာနက်။**

# အာဖဂန်စစ်သွေးကြွများ ချုံခိုတိုက်ခိုက်၍ အရပ်သားများ သေဆုံး

**ကန်ဒါဟာ အောက်တိုဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသရှိ ကန်ဒါဟာမြို့တွင် စစ်သွေးကြွများက ရဲတပ်ဖွဲ့ယာဉ်တန်းတစ်ခုအား အောက်တိုဘာ ၆ ရက်က ချုံခိုတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားရှစ်ဦး သေဆုံးကာ ၂၅ ဦးမျှ ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုဖြစ်စဉ်သည် အမေရိကန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်း အဆိုးရွားဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

စစ်သွေးကြွများသည် အာဖဂန်အစိုးရတပ်ဖွဲ့နှင့် နိုင်ငံခြားတပ်ဖွဲ့များကို အဓိကထား တိုက်ခိုက်လေ့ရှိသော်လည်း ယင်းတိုက်ပွဲများကြားတွင် အာဖဂန်အရပ်သားများလည်း သေဆုံးကြရသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ အာဖဂန်နစ္စတန်၌ အရပ်သားများသေဆုံးမှုသည် ၂၀၀၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဝက်အတွင်း ၃၁ ရာခိုင်နှုန်း ပိုမိုမြင့်မားလာကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

# အာဖဂန်အစိုးရနှင့် တာလီဘန် လျှို့ဝှက်ဆွေးနွေးပြီဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၆**

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ အစိုးရနှင့် တာလီဘန်အဖွဲ့တို့၏ ကိုယ်စားလှယ်များသည် အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး ရည်မှန်းချက်ဖြင့် စတင်လျှို့ဝှက်ဆွေးနွေးကြပြီဖြစ်ကြောင်း "ဝါရှင်တန်ပို့စ်" သတင်းစာက ယင်း၏ ဝက်ဘ်ဆိုက်တွင် အင်္ဂါနေ့ညက ဖော်ပြထားသည်။

ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့် တာလီဘန်ကိုယ်စားလှယ်များသည် ပါကစ္စတန်၌ အခြေစိုက်သော အာဖဂန်တာလီဘန်အဖွဲ့အစည်း ကွီတာရှူဒါနှင့် ယင်းအဖွဲ့ခေါင်းဆောင် မိုဟာမက်အိုမာကိုယ်စား ပြောဆိုရန် အခွင့်အာဏာ အပြည့်အဝပါရှိသည်ဟု ယုံကြည်ရကြောင်း အာဖဂန်နှင့် အာရပ်သတင်းအရင်းအမြစ်များကို ကိုးကား၍ "ဝါရှင်တန်ပို့စ်" က ရေးသားသည်။

### ရှောင်ရှားခဲ့

ယခင်က အိုမာ၏ ကိုယ်စားလှယ်များသည် နိုင်ငံအတွင်းမှ နိုင်ငံခြားတပ်ဖွဲ့များ ဦးစွာထွက်ခွာသွားကြရမည်ဟု အခိုင်အမာ အရေးဆိုကာ တွေ့ဆုံဆွေးနွေးပွဲကို ရှောင်ရှားခဲ့ကြသည်။ သို့သော် ကွီတာရှူဒါအဖွဲ့က အစိုးရအဖွဲ့တွင် တာလီဘန်ခေါင်းဆောင်အချို့ ပါဝင်ရေးနှင့် အမေရိကန်၊ နေတိုးတပ်ဖွဲ့များ နိုင်ငံမှ ထွက်ခွာသွားရေး အပါအဝင် ကျယ်ပြန့်သောသဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်များအရ သိရကြောင်း "ဝါရှင်တန်ပို့စ်"က ဖော်ပြသည်။

ကာဇိုင်းက တာလီဘန်တို့အနေဖြင့် အကြမ်းဖက်မှုကို ရှုတ်ချလျှင်၊ အကြမ်းဖက်သမားများနှင့် ဆက်ဆံမှုဖြတ်လျှင်၊ အာဖဂန်နိုင်ငံ၏ အခြေခံဥပဒေကို လိုက်နာလျှင် ဆွေးနွေးမည်ဖြစ်ကြောင်း ကာလကြာမြင့်စွာကပင် ပြောကြားခဲ့ပြီ ဖြစ်သည်။

**ဝါရှင်တန်ပို့စ်။**



# အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား

**မိုဆူးလ် အောက်တိုဘာ ၆** - အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အစွန်းရောက်ဝါဒီများ၏ တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ အရပ်သားနှစ်ဦးနှင့် ပညာရေးဝန်ထမ်းတစ်ဦး အောက်တိုဘာ ၆ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။

မိုဆူးလ်မြို့သည် စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်နှင့်အမျှ လုပ်ဆောင်နေသော အန္တရာယ်ကြီးမားသောမြို့ဖြစ်သည်။

မိုဆူးလ်မြို့ရဲတပ်ဖွဲ့ဌာနချုပ် မှုခင်းရေးရာဆိုင်ရာဌာနညွှန်ကြားရေးမှူး ရဲမှူးချုပ် မိုဟာမက်အဇစ်သည် အင်္ဂါနေ့က သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

အလားတူ အောက်တိုဘာ ၅ ရက်တွင် မိုဆူးလ်မြို့ ရဲတပ်ဖွဲ့ အရာရှိတစ်ဦးသည် ၎င်း၏ မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခံရမှုဘေးမှ လက်မတင်လေးလွတ်မြောက်ခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

ပြီးခဲ့သည့် လများအတွင်း အီရတ်အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်သည် တဖြည်းဖြည်းမြင့်တက်လာကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်လျက်ရှိသည့် ကြီးမားသောစိန်ခေါ်မှုများကို ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့နေရ အဆိုပါ စိန်ခေါ်မှုများကို နိုင်ငံတကာအဆင့်နှင့် ဒေသတွင်းအဆင့်အားလုံး ပူးပေါင်းဆောင်ရွက်မှ ဖြေရှင်းနိုင်မည်

နေပြည်တော် အောက်တိုဘာ ၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဂျွန်ကျူးမြို့တွင် ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အကြိမ် (၃၀)မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အစည်းအဝေးပွဲ (30th FAO Regional Conference for Asia and the Pacific) သို့ တက်ရောက်ရန် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားပြီး အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီး ဦးဌေးဦးနှင့် အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးလွင်နှင့်အတူ Korea FAO Association ဥက္ကဋ္ဌ Dr. Sang Mu Lee က Gyeongju မြို့ရှိ Yosuk Gung Restaurant ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး ညှိနှိုင်းခဲ့သည်။

ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် Hyundai Gyeongju ဟိုတယ် ဒုတိယ ထပ်ရှိ Maple Room ၌ FAO ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် H.E. Mr. Hiroyuki Konuma နှင့် တွေ့ဆုံ၍ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် FAO နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို လည်းကောင်း၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် Hyundai Gyeongju ဟိုတယ် Jade ခန်းမ၌ ကိုရီးယားသမ္မတနိုင်ငံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yoo , Jeong-Bok နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် Hyundai Gyeongju ဟိုတယ်ရှိ FAO ညွှန်ကြားရေးမှူးချုပ် ရုံးခန်း၌ FAO ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် FAO တို့ ပူးပေါင်း၍ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေး၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာကဏ္ဍ နည်းပညာပူးပေါင်း ဆောင်ရွက်ရေးတို့ကို လည်းကောင်း ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sowono Asyraf Samukri က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နံနက်စာကို အစည်း အဝေးသို့ တက်ရောက်လာကြသော အခြားလယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီး များနှင့်အတူ တက်ရောက်ခဲ့ပြီး စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အကြိမ် (၃၀)မြောက် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်း အဝေးကို Hyudai Gyeongju ဟိုတယ်၌ ကျင်းပရာ အစည်းအဝေး မစတင်မီ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Mr. Lee Myung-Bak ရောက်ရှိလာပြီး အစည်းအဝေးတက်ရောက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များအား သီးခြားလက်ခံတွေ့ဆုံကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ကိုရီး ယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးလွင်၊ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ သံရုံးမှ တာဝန်ရှိသူများနှင့်အတူ နံနက် ၁၀ နာရီတွင် Hyundai Gyeongju ဟိုတယ်ရှိ Convention Hall ၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုး ရေးအဖွဲ့၏ အကြိမ်(၃၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ ကိုရီးယားသမ္မတ နိုင်ငံသမ္မတ H.E. Mr. Lee Myung-Bak တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မိန့်ခွန်းမြွက်ကြားခဲ့သည်။

အစည်းအဝေးတွင် သဘာပတိ အဖြစ် ကိုရီးယားသမ္မတနိုင်ငံ စားနပ် ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yoo, Jeong-Bok အား တင်မြှောက်ကြပြီး ဒုတိယ သဘာပတိ အဖွဲ့ဝင်များအဖြစ် တရုတ်၊ အင်ဒို နီးရှား၊ မြန်မာ၊ မလေးရှား၊ မွန်ဂိုလီး ယား၊ ထိုင်း၊ ဖီဂျီ၊ ပါပူဝါနယူးဂီနီ၊ ကီရီဘာတီနှင့် ဆာမိုအာနိုင်ငံများမှ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးများအား ရွေးချယ်ခန့်အပ် ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဦးဌေးဦး က FAO ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf နှင့် FAO Council ၏ Independent Chair Person တို့၏ ၂၀၀၉-၂၀၁၀ ခုနှစ် အတွင်း ဆောင်ရွက်ခဲ့သော စားနပ်ရိက္ခာ ဖူလုံ ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေး စသည့် လုပ်ငန်းအခြေအနေများနှင့် ဒေသတွင်းရုံးခွဲများ ဖွင့်လှစ်၍ ပိုမို တိုးတက်အောင် ဆောင်ရွက်သွားရန် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ကို တင်ပြရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်လျက် ရှိသည့် ကြီးမားသော စိန်ခေါ်မှုများကို ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့နေရပြီး အဆို ပါ စိန်ခေါ်မှုများကို နိုင်ငံတကာ အဆင့်နှင့် ဒေသတွင်း အဆင့် အားလုံး ပူးပေါင်းဆောင်ရွက်မှသာ ဖြေရှင်းနိုင် မည်ဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာကြီးတွင် ကြုံတွေ့နေရသည့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ မြန်မာ နိုင်ငံသည်လည်း အဆိုပါဖြစ်စဉ်များနှင့် မလွဲမသွေ ကြုံတွေ့နေရပါကြောင်း၊ မြန်မာနိုင်ငံသည် အဆိုပါ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးသက် ရောက်မှုများကို ရင်ဆိုင်ကာကွယ် ဖြေရှင်းနိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက် လျက် ရှိပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံ အနေဖြင့် ဆည်တမံပေါင်း ၂၃၃ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၂၇ ခု၊ မြေ အောက်ရေ ရေတွင်းပေါင်း ၈၁၂၃ ခု တို့ကို ဆယ်စုနှစ် နှစ်စုအတွင်း ဆောင် ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ခဲ့မှုကြောင့် လက်ရှိအခြေအနေတွင် စုစုပေါင်း ရေသောက်ဧရိယာ ၁၇ ဒသမ ၁ ရာခိုင် နှုန်းအထိ မြင့်တက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ချမှတ်ထားသည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်အရ ကမ္ဘာ ပေါ်ရှိ ငတ်မွတ်ခေါင်းပါးသူဦးရေကို လာမည့် ၂၀၁၅ ခုနှစ်တွင် ထက်ဝက် လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာ ဖူလုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ထောင်စုနှစ် ရည်မှန်းချက်များအား တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ဖြည့်ဆည်း ပေးနိုင်ရန်နှင့် FAO ၏ ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "United Against Hunger" (ငတ်မွတ်ဘေးမှ ကင်းဝေးဖို့ စုပေါင်းညီညာ ကြိုးပမ်းစို့)နှင့် ကိုက်ညီ စေရေးအတွက် အမြင့်မားဆုံး စွမ်း ဆောင်ရည်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလ သမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် FAO ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ထုတ်လုပ်မှု တိုးတက်စေရန် သာမက စားနပ်ရိက္ခာဖူလုံမှု၊ ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်ဒေသ လူနေမှု ဘဝမြင့်မားရေးတို့အတွက် လည်း FAO ၏ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာရုံး၏ ပူးပေါင်းဆောင် ရွက်မှုနှင့် အတူ မိမိတို့၏ ရည်မှန်းချက် ဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုကို ထပ်လောင်း အတည် ပြုလိုပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် ယခုဒေသဆိုင်ရာ ဆွေးနွေးပွဲကြီးက အရေးပါသော အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်း များ ရရှိလာနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြ ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဂျွန်ကျူးမြို့၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အကြိမ် (၃၀) မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၌ တက်ရောက် ဆွေးနွေးစဉ်။** (သတင်းစဉ်)




**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဂျွန်ကျူးမြို့၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အကြိမ် (၃၀) မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)၇-၁၀-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (စကားကိုကောင်းစွာပြောဆိုအပ်၏)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (နေထွဏ်းဦး)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ဝါစိုက်ခြင်းမှသည်ချည်ခင်ဖြစ်သည်အထိ)
၁၂း၃၀ Music Talk တေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ အမှတ်တရတေးလက်ဆောင်
၅း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (စိတ်ထားမွဲနေလူမွဲတေ) တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (ဇနီးချောများကွန်ရက်-ဇာတ်သိမ်းပိုင်း)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ ညနေခင်းတေးပဒေသာ
၆း၂၅ ကျေးလက်ဇာတ်လမ်း (အသိလေးတစ်ချက်)
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
၇း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀ သုတစုံကြွယ်သိစေဖွယ် (ကိုယ်ပိုင်ရွေးချယ်ဆုံးဖြတ်)
၇း၄၀ ရေဒီယိုအတိတ်တေးအရိပ်
၈း၀၀ ပြည်တွင်းသတင်း
၈း၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၃၀ ချမ်းမြေ့သာယာသီရိဂေဟာ (ဇနီးကောင်းတို့၏ အကျင့်သိက္ခာ)
၈း၅၀ သူ့လက်သံ (ဦးအေးကိုရဲ့ ဘင်ဂျိုလက်သံ) စီးပွားရေးဦးတည်ချက်
၉း၀၀ ဆောင်းပါး (သဘော်သီးမှည့်နှင့် တိုင်းရင်းဆေး)
၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ အဖိတ်နေ့နှုတ်ဆော်ချက်
၁၀း၀၀ အစီအစဉ်ပြီး၏။

# ကြည့်ရှုစစ်ဆေး





**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**☆ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှ**

ကြည့်ရှုစစ်ဆေးခဲ့ပြီး မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်ရွက်ရပ်မှ ပင်မတမံတည်ဆောက်ရန် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် မြစ်ကြီးနားမြို့ နယ်မြေခံတပ်ရင်းမိသားစုအိမ်ထောင်သည် နေအိမ်ခန်းများနှင့် စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**✳တိုးတက်စည်ပင်မှ**

ရန်ကုန်မြို့ကို ဥယျာဉ်မြို့တော်အဖြစ်သို့ ရောက်ရှိလာစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘက်ပေါင်းစုံမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ အဆင့်မြင့်သာယာလှပစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မိမိလက်အောက်တွင်ရှိသည့် ဌာနကြီး ၂၀ အနက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ကို ရန်ကုန်မြို့နှင့် မြို့နယ်များ၊ မြို့သစ်များရှိ လမ်းများ၊တံတားများ၊ စကြံများ၊ ရေမြောင်းများပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်ဖောက်လုပ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများပြားစွာထဲမှ ရန်ကုန်မြို့ရှိလမ်းမကြီးများ၊ လမ်းသွယ်များ၊ ရပ်ကွက်အတွင်းရှိ လမ်းများကိုလည်း အရည်အသွေးပြည့်မီပြီး နှစ်ရှည်ထိန်းသိမ်းနိုင်စွမ်းရှိသည့် ကွန်ကရစ်လမ်းများအဖြစ် အစားထိုး အဆင့်မြှင့်ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ ကတ္တရာလမ်း၊ ကတ္တရာကွန်ကရစ်(နိုင်လွန်လမ်း) လမ်းအဖြစ်လည်း သင့်တော်သလို အခြေအနေပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပေသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မိမိတာဝန်ယူထားရသော မြို့နယ်များအပြင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အချို့မြို့နယ်များတွင်ပါ လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၀၉-၂၀၁၀ တစ်နှစ်တာ ကာလအတွင်း ဘိလပ်မြေအိတ်ပေါင်း ခုနစ်သိန်းကျော် အသုံးပြုခဲ့ပြီး ယခု(၁-၄-၂၀၁၀)မှ (၁၂-၉-၂၀၁၀) အထိ ငါးလခွဲအတွင်း၌မူ ဘိလပ်မြေ ၄၇၆၁၃၅ အိတ် သုံးစွဲခဲ့ပြီးဖြစ်သည်။

ဘိလပ်မြေသုံးစွဲမှု အနေအထားနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တစ်ဆထက်တစ်ဆ မိမိတာဝန်ယူရသည့် မြို့နယ်များရှိလမ်းများ နှစ်ရှည်ကြံ့ခိုင်ရေး၊ နွေမိုးဆောင်း ရာသီဒဏ်ကို အင်အားအပြည့်ဖြင့်ခံနိုင်စေရန် ရည်ရွယ်၍ ဘိလပ်မြေများကို အဓိက သုံးစွဲလာရခြင်းဖြစ်ပေသည်။

ဆက်လက်တင်ပြရလျှင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ကို စီးပွားရေးမြို့ အင်္ဂါရပ်နှင့်အညီ ခေတ်မီသာယာလှပရေး လုပ်ငန်းများအပြင်၊ ပင်လယ်ဆိပ်ကမ်းရှိခြင်း၊ မြင့်မားသော စက်မှုကုန်ထုတ်လုပ်မှု စက်မှုဇုန်တည်ရှိခြင်း၊ လူဦးရေထူထပ်ခြင်း၊ အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်မှုများအတွက် ဘိလပ်မြေသည် အဓိက အခရာဖြစ်နေကြောင်း ကြိုတင်တွက်ဆထားခဲ့သည်။ ထို့ကြောင့် တစ်နေ့ တန် ၅၀၀ ကျ မြို့တော်ဘိလပ်မြေစက်ရုံကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီး၌ တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဧပြီ ၃၀ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ အရည်အသွေးမြင့်မားသော ဘိလပ်မြေများကိုလည်း နေ့စဉ်ထုတ်လုပ်လျက်ရှိကြောင်းတင်ပြလိုက်ရပါသည်။ ။



**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များအပြင် မြို့သစ်များတွင်ပါ ယခုကဲ့သို့ ကွန်ကရစ်လမ်းများကို ခင်းကျင်းပေးလျက်ရှိသည်ကို တွေ့ရစဉ်။**



**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက တာမွေမြို့နယ် သမိန်ဗရမ်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရစဉ်။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး မင်္ဂလာဒုံနှင့် လှိုင်သာယာမြို့နယ်တို့၌ မဲရုံများကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာတင်အောင်အေးသည် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ထွန်းတို့နှင့် အတူ ယမန်နေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြဲရောခန်းမသို့ ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာတင်အောင်အေးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်သော မဲရုံသရုပ်ပြနှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းဆောင်ရွက်မှုသရုပ်ပြသခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက ဖြည့်စွက်တင်ပြပြီး ဒေါက်တာတင်အောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာတင်အောင်အေးသည် လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက်ရှိ မဲရုံပြုလုပ်မည့် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းခန်းမသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့နယ်ခန်းမ၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ-အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား တွေ့ဆုံ၍ နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ ဂုဏ်သိက္ခာရှိပြီး ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်လုပ်ကိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**● ရွှေဖုံးမှ**

သိပ္ပံပညာရှင် ပေါလ်ဘတ္တလာက ပြောကြားသည်။

သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိသော ဂြိုဟ်သစ်သည် မျက်နှာပြင်အပူချိန် ၁၆၀ ဒီဂရီ ဖာရင်ဟိုက်အထိ ရှိနိုင်ပြီး အနုတ် ၂၇ ဒီဂရီအထိ အေးမြနိုင်ကြောင်း ပေါလ်ဘတ္တလာက ပြောကြားသည်။

ယင်းဂြိုဟ်တွင် ရေရှိ၊ မရှိ သိပ္ပံပညာရှင်များ တပ်အပ်မပြောနိုင်ပေ။ သို့ရာတွင် ယခုလေ့လာတွေ့ရှိချက်သည် နက္ခတ္တဗေဒ သိပ္ပံပညာရှင်များအတွက် အလွန်ပင်စိတ်ဝင်စားဖွယ်ရာကောင်းသော လေ့လာတွေ့ရှိချက်ဖြစ်သည်ဆို၏။

အဆိုပါ ဂြိုဟ်သည် ကမ္ဘာမှမိုင်ပေါင်း ၁၂၀ ထရီလီယံအကွာ၌ တည်ရှိသည်။

ကမ္ဘာ၏ နေစကြဝဠာပြင်ပ၌ တွေ့ရှိခဲ့ရသော ဂြိုဟ်ပေါင်း ၅၀၀ နီးပါးအနက် မည်သည့်ဂြိုဟ်တစ်လုံးနှင့်မျှ ယခုတွေ့ရသောဂြိုဟ်တို့ တူညီမှုမရှိကြောင်း ပေါလ်ဘတ္တလာက ပြောကြားသည်။ ယင်းဂြိုဟ်သည် ၎င်း၏အစုအဖွဲ့ အတွင်းရှိ နေတစ်လုံးကို တစ်ပတ်ပတ်မိရန် ၃၇ ရက် အချိန်ယူသည်။ သို့ရာတွင် မိမိဝင်ရိုးပေါ် မိမိလည်ပတ်ခြင်းမရှိပေ။ ဂြိုဟ်မျက်နှာပြင်တစ်ခြမ်းမှာ အမြဲတမ်း တောက်ပလျက်ရှိပြီး ကျန်မျက်နှာပြင်တစ်ခြမ်းမှာ အမြဲတစေ မှောင်မိုက်နေကြောင်း သုတေသီများက ပြောကြားသည်။

ဂြိုဟ်သစ်ကို လေ့လာ တွေ့ရှိသော အဖွဲ့မှာ ကာလီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များအဖွဲ့ ဖြစ်သည်။

***အင်တာနက်။***

**အောက်တိုဘာ ၃ ရက်က ကျေးဇူးရှင် (ပြည်-အောင်တော်မူတောရ ဆရာတော်) ဘဒ္ဒန္တဦးဝိမလ၊ မိခင်ကြီး ဒေါ်သိန်းကြွယ်တို့အား ရည်စူး၍ ရွှေတောင်ကြား မြန်မာ့ရုပ်ရှင်လုပ်ငန်း (ဝန်ထမ်းအိမ်ရာ) ရန်ကုန်နေ ဦးအောင်စိုးမင်း(ညွှန်ကြားရေးမှူး)၊ ဇနီး ဒေါ်နန်းသီတာ၊ သား မောင်ဖြိုးဝေမင်း၊ သမီး မယဉ်ယဉ်စိုးတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**(၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလွင်ဦး အမှာစကားပြောကြားစဉ်။** (ရဲတပ်ဖွဲ့)





**Yoma Yarzar Stream Motorcycle Show Room (မန္တလေး၊ ပခုက္ကူ၊ မကွေး၊ တောင်တွင်းကြီး၊ အမရပူရ၊ ကျောက်ဆည်) တို့၌ ကံစမ်းမဲကာလအတွင်း ဆိုင်ကယ်ဝယ်ယူ အားပေးခဲ့ကြသူများအား Stream 125 cc၊ Stream 110 cc ဆိုင်ကယ်အသစ် နှစ်စီးနှင့် အခြားဆုမဲပေါင်းများစွာဖြင့် ကံစမ်းမဲဖွင့်ပွဲကို အောက်တိုဘာ ၃ ရက်က မန္တလေးမြို့ မန္တလေးကန်တော်ကြီး သံအမတ်ကြီး မင်္ဂလာခန်းမ၌ ကျင်းပစဉ်။** (သတင်းဖော်ပြပြီး)

(သတင်းစဉ်)



အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံ စက်မှုဇုန်ရှိ Myanmar Asia Optical မှန်ဘီလူးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မင်္ဂလာဒုံစက်မှုဇုန်၏ လုပ်ငန်းခွင်ကျန်းမာရေးစောင့်ရှောက်မှု ဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၆**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical မှန်ဘီလူးစက်ရုံသို့ ရောက်ရှိပြီး အဆိုပါစက်ရုံမှ အလုပ်သမား ၄၂၀၀ တို့အား လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့က လုပ်ငန်းခွင်အရောက် ကွင်းဆင်းကုသပေးနေမှုနှင့် စက်ရုံလုပ်သားများအား မေးခိုင်ကာကွယ်ဆေးထိုးပေးနေမှု၊ လုပ်ငန်းခွင်အတွင်း အလုပ်သမားများ တာဝန်ထမ်းဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ အားကစားကွင်း၊ ဝန်ထမ်းအဆောင်များ၊ ထမင်းစားဆောင်၊ ဘုရားခန်း၊ စက်ရုံလုပ်သားများ ဗဟုသုတဖြစ်စေမည့် အင်တာနက်ခန်းနှင့် စာကြည့်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း ဖွင့်လှစ်ထားသော အရေးပေါ်ဆေးခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လူမှုဖူလုံရေးအဖွဲ့ အထွေထွေမန်နေဂျာ ဦးစောနိုင်က စက်ရုံမှူးနှင့် ဆေးခန်းတာဝန်ခံတို့အား လိုအပ်သည့်ဆေးဝါးများ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့်က အဆိုပါစက်ရုံရှိ လုပ်သားများအား လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းခွင်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းမန်နေဂျာ ဒေါ်နွဲ့နွဲ့ရီက လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးကိုးနှင့် မန်ဟီးရိုးမြို့နယ်တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်လျက်ရှိရာ မူဆယ်ခရိုင် ဦးစီးဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးရဲဝင်းသည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် မိုးကိုးမြို့နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲသို့လည်းကောင်း၊ ဒုတိယခရိုင်ဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသိန်းရွှေဝင်းသည် မန်ဟီးရိုးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲသို့လည်းကောင်း တက်ရောက်ကြပြီး ဒေသခံ ရပ်ကွက်၊ ကျေးရွာကိုယ်စားလှယ်များအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)





# Online မှတစ်ဆင့် စိစစ်သုံးသပ်အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သော သင်တန်းဖွင့်ပွဲ ကျင်းပ

**စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် Online မှတစ်ဆင့် စိစစ်သုံးသပ် အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သော သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၆**

ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းဆိုင်ရာ စတုတ္ထအကြိမ်မြောက် အမျိုးသားအဆင့် အစီရင်ခံစာအတွက် Online မှတစ်ဆင့် စိစစ်သုံးသပ် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သော သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ယင်းသင်တန်းဖွင့်ပွဲတွင် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂ သဲကန္တာရ



ဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification UNCCD) မှ Senior Programme Officer Mr. Stefan Beplar က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းသို့ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ "Ensure ® Lift"၏ ကူညီပံ့ပိုးမှုတို့ဖြင့် အောက်တိုဘာ ၉ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာကျော်ဝင်းက " မြန်မာ့နိုင်ငံရေးဓလေ့နှင့် တတိယလှိုင်းအတွေ့ " ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



**လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းဖြစ်သော ကော့လှိုင်း- ဝင်းစိန်လမ်းပေါ်ရှိ ရေမြောင်းအား မြောင်းကူးတံတား ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းစိုးကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နတ်မော်-ရဲတွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာပညာကျော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထန်းရှစ်ပင်ကျေးရွာ မြေသားရေလျှောင်ကန် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## နိုင်ငံနှင့် တိုင်းဒေသကြီးဂုဏ်ဆောင် ရတနာပုံအသင်းအား မန္တလေးမြို့မှ မိဘပြည်သူများ တစ်ခဲနက်ကြိုဆို

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် အောက်တိုဘာ ၆

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု နှစ်ကြိမ်ရယူပြီး အအောင်မြင်ဆုံး ပရိုကလပ်အသင်းအဖြစ် ရပ်တည်နေသော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံ F.C သည် စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲတွင်လည်း အနိုင်ရ ဗိုလ်စွဲခဲ့ပြန်ရာ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။**

ရတနာပုံ F.C သည် ယင်း AFC President's Cup ဘောလုံးပြိုင်ပွဲကို နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရခြင်းဖြစ်၍ ယခုအောင်ပွဲသည် MNL ဖလားများ ရရှိစဉ်ကထက် ပိုမိုချိုမြိန်သော အောင်ပွဲတစ်ခုဟု ဆိုရမည်ဖြစ်သည်။ ယင်းအတွက်ကြောင့်လည်း မန္တလေးမြို့ပေါ်မှ ဒေသခံ ပရိသတ်များမှာ ရာသီဥတုပူပြင်းမှုကို အန်တုကာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြခြင်း ဖြစ်သည်။

AFC President's Cup ချန်ပီယံ ရတနာပုံအသင်းသည် မန္တလေးမြို့အတွင်း လှည့်လည်အောင်ပွဲခံရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၈နာရီ ၁၀ မိနစ်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။



ချန်ပီယံ ရတနာပုံအသင်းအား ဒေသခံမိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

## ဒီပါဝလီနေ့ အလုပ်ပိတ်ရက်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် (၁၃၇၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက် (သောကြာနေ့)သည် ဒီပါဝလီနေ့ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ (သတင်းစဉ်)